ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဒီ လ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ (7-4-2013) (၇၄၄၀)

"မြန်မာနိုင်ငံသည် လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေး မူဝါဒနှင့်အညီ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံပြီး ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်"

ယနေ့ မာတိကာ

သတိပြုဆင်နွဲ သင်္ကြန်ပွဲ
စာမျက်နှာ - ၂

သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းအကြောင်း
စာမျက်နှာ - ၆

မြန်မာ့ဆက်သွယ်ရေးကွန်ရက် မြှင့်တင်မှုစီမံချက်များ အားချင်းဆောင်ရွက်
စာမျက်နှာ - ၇

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်စေမည်ဟု ယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နည်းပညာများ ကူညီဆောင်ရွက်ပေးမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်



နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ဧပြီ ၅ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းယမြို့ရှိ Sheraton ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ (အပေါ်ပုံ)

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးသန်းဌေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ သံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့်အတူ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ပါတီမူဝါဒရေးရာ သုတေသနဌာနအကြီးအကဲ Mr.Wang Huning၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ပါတီအုပ်ချုပ်ရေးဌာနအကြီးအကဲ Mr. Li Zhan Shu၊ နိုင်ငံတော်ကောင်စီဝင် မစ္စတာ ယန်ကျဲချီ၊ နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဝန်ကြီး Mr.Xu Shao Shi၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

နေပြည်တော်၏ ၁၃၇၄ ခုနှစ် မဟာသင်္ကြန်

နေပြည်တော် ဧပြီ ၆

နေပြည်တော်၌ ၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်အား မြို့တော်စည်ပင်သာယာရေးကော်မတီကဦးစီး၍ ဗဟိုမဏ္ဍပ်ကို မြို့တော်ခန်းမရှေ့၌ ဆောက်လုပ်ပြီး ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ ညနေ ၅ နာရီခွဲတွင် ဖွင့်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို ယဉ်ကျေးမှုဝန်ကြီးဌာန အစီအစဉ်ဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်းနှင့် မဟာသင်္ကြန်ကာလအတွင်း နံနက် ၉ နာရီမှ ည ၇ နာရီအထိ ဝန်ကြီးဌာနများမှ ယိမ်းအဖွဲ့နှင့် ကုမ္ပဏီယိမ်းအဖွဲ့များ စုစုပေါင်း ယိမ်းအဖွဲ့ ၁၇ ဖွဲ့ဖြင့် အလှည့်ကျဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီ စီမံဌာနမှ

စာမျက်နှာ ၃ ကော်လံ ၆ သို့

ရှုံးပွဲမရှိ မကွေးနှင့် လက်ရှိချန်ပီယံ ရန်ကုန်တို့သရေကျ

ရန်ကုန် ဧပြီ ၆

MNL Myanmar ၂၀၁၃ အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၈)ကို ယနေ့ ညနေပိုင်းက ဆက်လက် ကျင်းပသည်။

(သုဝဏ္ဏကွင်း)

မကွေး - နှစ်ဂိုး
ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး

ခြေစွမ်းပြနေသည့် မကွေးအသင်းမှာ နိုင်ပွဲဆက်နိုင်မည့် အခွင့်အရေးရရှိခဲ့ပြီး ဦးဆောင်ဂိုး နှစ်ဂိုးရခဲ့သော်လည်း အနိုင်ကို မထိန်းနိုင်၍ သရေတစ်မှတ်သာ ရခဲ့ခြင်းဖြစ်သည်။ ခင်မောင်လွင်၊ ပြည့်ဖြိုးအောင်၊ ကြည်လင်း၊ ကျော်ကိုကိုတို့ ဒဏ်ရာရနေသည့်အပြင် ရန်အောင်ကျော်ပါ ပွဲပယ်ခံထားရသည့်

သတင်းနှင့်ဓာတ်ပုံ > ရှိုင်းထက်ဇော်

ရန်ကုန်အသင်းမှာ အရန်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ရသည်။ ပွဲအစ ကိုးမိနစ်တွင် မျိုးမင်းလတ်၏ ဖြတ်တင်ဘောကို ဂိုးသမား နိုင်ဇေယျာထွန်း၏ ပေါ့ဆမှုမှ မကွေးဂိုးစရခဲ့ပြီး ဒုတိယဂိုးကို ၆၅ မိနစ်တွင် တီမောလက်ရွေးစင် တိုက်စစ်မှူး မူရီလိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်ဂိုးပေးလိုက်ရ၍ ရန်ကုန်အသင်း ဖိကစားလာပြီး ၆၇ မိနစ်တွင် ဆီဇာက ပယ်နယ်တီမှ တစ်ဆင့် ပထမဂိုး၊ ၇၃ မိနစ်တွင် မကွေးနောက်ခံလူ နေမင်းထွန်း ကိုယ့်ဂိုးကိုယ်သွင်းမိ၍ ဒုတိယချေပဂိုးရရှိခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဟိုတယ်ဇုန်ရှိ ရွှေဇည့်သည်ဟိုတယ်ရှေ့၌ ဆောက်လုပ်လျက်ရှိသည့် ရွှေသံလွင်ကုမ္ပဏီရေကစားမဏ္ဍပ်ကို တွေ့ရစဉ်။

ကြေးမုံ စာတည်းရှုထောင့် ၇-၄-၂၀၁၃ [တနင်္ဂနွေနေ့]

သတိပြုဆင်နွှဲ သင်္ကြန်ပွဲ

နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံအလိုက် ကျင်းပလေ့ရှိသည့် ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ပွဲတော်များသည် မိမိတို့နိုင်ငံ၏ ရိုးရာအစဉ်အလာကို ဖော်ထုတ်ပြသခြင်းဖြစ်သလို မိမိတို့၏ ဓလေ့စရိုက်အစဉ်အလာ မည်မျှမြင့်မားကြောင်းကိုလည်း မိမိတို့နိုင်ငံသာမက ကမ္ဘာ့နိုင်ငံများကိုလည်း ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်ပေသည်။

မကြာမီကာလတွင် ကျင်းပတော့မည့် တန်ခူးလရေသဘင်ပွဲတော်သည် မြန်မာနိုင်ငံအတွက် ပျော်ရွှင်ဖွယ်အကောင်းဆုံး၊ တစ်မူထူးခြားဆုံး၊ ယဉ်ကျေးသိမ်မွေ့ဆုံးပွဲတော်ဖြစ်ပေရာ မြန်မာနိုင်ငံသားအားလုံးအတွက်သာမက နိုင်ငံတကာအတွက်ပါ စိတ်ဝယ်ညွတ်နူး တစ်မူထူးသည့် ပျော်မွေ့ဖွယ်အကောင်းဆုံးပွဲတော် ဖြစ်သင့်ပေသည်။

တန်ခူးလရေသဘင်ပွဲတော်သည် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ပင်ဖြစ်သည်။ မြန်မာနှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းရောက်ရှိတော့မည့် အခါသမယတွင် နှစ်သစ်ကို ကြိုဆိုသောအားဖြင့် အတာရေဖြင့် ပက်ဖျန်းကာ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်သည့်သဘောလည်း ဖြစ်ပေသည်။

နှစ်စဉ်နှစ်တိုင်း၊ တန်ခူးလရောက်လေတိုင်း အစဉ်အလာမပျက် ပျော်ရွှင်ဖွယ်ရာဓလေ့များနှင့် ရေပက်ကစားကြဖို့ ပြင်ဆင်လေ့ရှိပါသည်။ ထိုသို့ ပြင်ဆင်ပြီးသကာလ အေးချမ်းပျော်ရွှင်စွာဖြင့် အတာသင်္ကြန်ပွဲတော်ကို တက်ညီလက်ညီ ဆင်နွှဲခဲ့ကြပါသည်။

ယခုနှစ် သင်္ကြန်ကာလအတွက်မူ ယခင်နှင့်မတူသည့် အပူဒဏ်ကို ခံစားရနိုင်ခြင်း၊ တည်ငြိမ်အေးချမ်းမှုကို အလေးဂရုပြုရမည်ဖြစ်ခြင်းတို့ကို နိုင်ငံသားအားလုံးက အလေးအနက်ထား လိုက်နာဆောင်ရွက်သင့်ကြပေသည်။

အထူးသဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်၏ အနှစ်သာရဖြစ်သည့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ရန်တို့ကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ထိုကာလတွင် ပြင်ပသို့ထွက်၍ သူသူငါငါ မသိသူများနှင့် ထိတွေ့ဆက်ဆံကြရမည်ဖြစ်သည်။ လူလူချင်းဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့ဖွယ် စိတ်ထားများထားခြင်း၊ မေတ္တာတရားထားခြင်း၊ ရိုင်းပင်းကူညီခြင်း၊ အယုတ်အလတ် အမြတ်မရွေး ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူသားအားလုံး အေးမြစေကြောင်း စေတနာကောင်းဖြင့် ပြုမူဆက်ဆံခြင်းတို့ ပြုကြရမည်ဖြစ်သည်။

အထူးသတိပြုရမည်မှာ ယဉ်ကျေးသော မြန်မာ့ရိုးရာသင်္ကြန်ကို ညစ်နွမ်းစေသည့် အပြုအမူနှစ်ရပ်ကို သတိထားကြရမည်ဖြစ်သည်။ သရုပ်ပျက်ယဉ်ကျေးမှုနှင့် မူးယစ်သောက်စားမှုဖြစ်သည်။ ထိုနှစ်ချက်သည် ယဉ်ကျေးမှုသင်္ကြန်ကို အကျည်းတန်အရုပ်ဆိုးစေသည်ကို အားလုံးအသိဖြစ်မည်။

ယခင်နှင့်မတူ တစ်မူထူးပူပြင်းသော နွေကာလဖြစ်၍ မိမိတို့ကျန်းမာရေးအတွက်လည်းကောင်း၊ ပတ်ဝန်းကျင်တွင် မဖြစ်သင့်မဖြစ်ထိုက်သော အန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက်လည်းကောင်း အရက်သေစာသောက်စားခြင်းကို သတိထားရှောင်ရှားကြရမည်ဖြစ်သည်။

သင်္ကြန်အခါတော် ရေကစားကြခြင်းသည် ပျော်ရွှင်စရာ၊ လောင်းကြပက်ကြဖြင့် မောင်ရင်းနှမသဖွယ် ခင်မင်စရာသာဖြစ်ပါသည်။ ယင်းသည် သင်္ကြန်မြင်ကွင်း၊ သင်္ကြန်စိတ်ရင်းဖြစ်ပါသည်။ သို့သော် မီးလောင်ရာလေပင့်၊ ဘူးလေးရာဖရုံဆင့်စေမည့် မကောင်းမှုဒုစရိုက်များကို ရှောင်ရှားကာ ယဉ်ကျေးသော မြန်မာ့ရိုးရာသင်္ကြန်ဖြစ်အောင် ဆက်လက်ဖော်ထုတ်ကြဖို့ဖြစ်ပါသည်။

တစ်စတစ်စ ပါးလျားလာသော ယဉ်ကျေးမှုဓလေ့စရိုက်များသာမက သဘာဝနှင့် ပတ်ဝန်းကျင်အနေအထားများအရ ယခင်နှင့်မတူ ယခုနှစ် သင်္ကြန်ကာလတွင် အထူးသတိပြု ဂရုစိုက်ဆင်နွှဲကြဖို့ ဖြစ်ပါသည်။ ။

မန်းရွှေစက်တော် ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

မင်းဘူး မေ ၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ကျင်းပပေးခဲ့သည်။ ယခုအခါ နွေရာသီ ကျောင်းပိတ်ချိန်ဖြစ်သည့်အားလျော်စွာ ရွှေစက်တော်ဘုရားပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ တည်းခိုနေထိုင်နိုင်ရေးအတွက် ဘုရားဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်ထားပြီး မန်းချောင်းရေအေးအေးလေးတွင် ပျော်ရွှင်စွာ ရေကစားနေကြသော ဘုရားဖူးလာ ပြည်သူများကိုလည်း စိတ်ကြည်နူးစွာ တွေ့ရှိရသည်။ ဒေသထွက် စားသောက်ကုန်ပစ္စည်းဆန်းများနှင့် အညာ ဓလေ့ကလေးကစားစရာ ဝါးသေနတ်ကလေးများကိုလည်း ဘုရားပွဲတော်ပြန် လက်ဆောင်ပစ္စည်းများအဖြစ် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။

သင်္ကြန်ကာလများတွင် မန်းချောင်းအတွင်း ရေကစားရန်လာရောက်ကြသော ဒေသခံပြည်သူများနှင့် အထူးစည်ကားကြောင်းနှင့် ဘုရားပွဲတော်ကို မြန်မာနှစ်ဆန်းတစ်ရက် မေ ၁၇ ရက်တွင် သိမ်းမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ကူညီဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် မေ ၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအစီအစဉ်တွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် နော်ဝေအဖွဲ့ တို့ဆွေးနွေး

ရန်ကုန် မေ ၆

ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လူသုံးကုန်ပစ္စည်းကဏ္ဍ၊ ဗိသုကာကဏ္ဍ၊ ကုန်သွယ်ရေကြောင်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်သွယ်ရေးနှင့် သတင်းကဏ္ဍတို့ နှစ်နိုင်ငံပူးပေါင်းလုပ်ကိုင်ရန် နော်ဝေကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E. Mr. Trand Giske ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် ဦးဆောင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် မေ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် UMFCCI Office Tower ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ခွင့်ပြုနိုင်ရေး Pre-qualification Application ဖွင့်ဖောက်စစ်ဆေး

နေပြည်တော် မေ ၆

နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုရရှိစေမည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင် နှစ်ခုခွင့်ပြုပေးနိုင်ရေးအတွက် Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက Pre-qualification Application ဖွင့်ဖောက်စစ်ဆေးခြင်းကို မေ ၄ ရက် ညနေ ၃ နာရီတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင်က အမှာစကားပြောကြားပြီး Pre-qualification Application ဖွင့်ဖောက်ခြင်းကို ဆောင်ရွက်ရာ နိုင်ငံတကာ ဆက်သွယ်ရေးကုမ္ပဏီ ၂၂ ခုမှ တင်သွင်းသည့် Document များအား စိစစ်ပြီး ကော်မတီအနေဖြင့် လက်ခံအတည်ပြုကာ Pre-qualification Application Process အောင်မြင်သူများ စာရင်းကို မေ ၁၁ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီး မှန် သ မျှ သုံး တတ် က
မှ ချ မီး ဘေး စဉ် ကင်း ဝေး







ပြည်တွင်းရေးရာ

✻ **ရွှေဖုံးမှ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Gao Hu Cheng၊ ဟိုင်နန်ပြည်နယ် ပါတီအထွေထွေအတွင်းရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ အာရှဒေသဆိုင်ရာ တရုတ်နိုင်ငံ၏ အထူးကိုယ်စားလှယ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက အဆွေတော်သမ္မတအနေဖြင့် မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မှုအပေါ် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အစဉ်အလေးထားလျက်ရှိသည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ မိမိတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုတို့ဖြင့် အကျိုးဖြစ်ထွန်းမှုများကို ရှေးရှုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဒေသတွင်းပတ်ဝန်းကျင်နိုင်ငံများအားလုံး မျှဝေဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်းမူဝါဒအပေါ် ရပ်တည်ချက်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့အခြေအနေမှာ နက်ရှိုင်းစွာပြောင်းလဲဖြစ်ပေါ်နေသကဲ့သို့ နိုင်ငံအသီးသီးသည်လည်း ပြောင်းလဲမှုများ လျင်မြန်စွာဖြစ်ပေါ်နေပါကြောင်း၊ ထိုသို့ဖြစ်ပေါ်နေသော်လည်း မိမိတို့နှစ်နိုင်ငံ၏ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုဖြင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ဖြစ်ထွန်းစေပြီး အပြန်အလှန်နားလည်မှုရှိရှိဖြင့် ပြဿနာများဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားပါကြောင်း။

မြန်မာနိုင်ငံတွင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူရေနက်ဆိပ်ကမ်း အပါအဝင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များတွင် မိမိတို့က ဆက်လက်၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာရန်အတွက် စိုက်ပျိုးရေးသရုပ်ပြစင်တာ တည်ဆောက်မှုကို ဆောင်ရွက်ပေးမည့်အပြင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အသေးစားချေးငွေစီမံကိန်းတွင်လည်း သက်ဆိုင်ရာဌာနများနှင့် ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်သူများအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံရေး၊ ယဉ်ကျေးမှုဖလှယ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ တရုတ်နိုင်ငံ CRI(China Radio International) အသံလွှင့်ဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့အကြား အသံလွှင့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် လာမည့်ဒီဇင်ဘာလ၌ ကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နည်းပညာအကူအညီပေးရေးကိစ္စရပ်များကို ပါဝင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အတူ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နောက်ရက်တွင် ကျင်းပမည့် ဘိုအောဖိုရမ်အစည်းအဝေးတွင် အာရှဒေသတွင်းနိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် မိမိနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် အစဉ်အလာကောင်းသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှတစ်ဆင့် အနှစ်သာရ ပြည့်ဝပြီး ပိုမိုနက်ရှိုင်းသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်ကို တက်လှမ်းရောက်ရှိခဲ့သည်ဟု မိမိယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တူညီသည့်သမိုင်းကြောင်းများရှိခဲ့ကြပြီး ဖြစ်ပေါ်ပြောင်းလဲလာနေသည့် မျက်မှောက်ကမ္ဘာ့ရေးရာ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြည်တွင်းတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာ၌ အပြန်အလှန်နားလည်မှု၊ စာနာထောက်ထားမှုကို အခြေခံပြီး ဆက်ဆံနိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏အနှစ်သာရပင် ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်နှစ် ၂၀ ကျော်ကာလအတွင်းတွင် တရုတ်နိုင်ငံက မိမိတို့နိုင်ငံအား နိုင်ငံရေး၊ စီးပွားရေးနှင့်အခြားနယ်ပယ်များမှာပါ ထောက်ခံကူညီပေးခဲ့မှုများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့သည့်ဖြစ်စဉ်၊ လက်ရှိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ စေတနာဖြင့် ထောက်ခံအားပေးမှုများအတွက် မိမိတို့အစိုးရနှင့်ပြည်သူများက အစဉ်အမြဲကျေးဇူးတင်နေမည်ဖြစ်ကြောင်းကို အခွင့်သင့်ခိုက်တွင် ပြောကြားလိုပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အဆွေတော်ဦးဆောင်သည့် ကာလတွင်လည်း ယခင်ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်နိုင်စေမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အခိုင်အမာ ဆက်လက်ထောက်ခံကျင့်သုံးသွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း။

နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို အခြေခံပြီး ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတွင်မဟာဗျူဟာကျသည့် တည်နေရာအနေအထားရှိသဖြင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း များစွာအလေးထားပါကြောင်း၊ ထို့အတူ ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံ၊ အက်ခ်မက်၊ ဘင်းမ်စတက်စသည့် ဒေသတွင်းအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မိမိတို့နှစ်နိုင်ငံ၏ ထူးခြားသည့် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့် သတ်မှတ်တက်လှမ်းနိုင်ခဲ့သည့် နှစ်နှစ်နီးပါး ကာလအတွင်း အကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ကာ ထိရောက်အောင်မြင်သည့် ဆောင်ရွက်ချက်များဖော်ဆောင်နိုင်ရန်အတွက် လုပ်ငန်းစီမံချက်များ ချမှတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိ၏ ခရီးစဉ်အတွင်း နှစ်ဖက်ညှိနှိုင်းပြီးထုတ်ပြန်မည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်နိုင်ငံများ ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစီမံချက်ကို ကြိုဆိုပါကြောင်း၊ အထူးသဖြင့် မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့မမျှော်မှန်းနိုင်သည့် အခက်အခဲအချို့ကိုလည်း ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအခက်အခဲများကိုလည်း မိမိတို့နှစ်ဖက်အပြန်အလှန် နားလည်မှုရှိရှိဖြင့် စိတ်ရှည်သည်းခံပြီး နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးကိုမျှော်ကိုးဖြေရှင်းဖော်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက အသိအမှတ်ပြုသည့်အနေဖြင့် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးနေပြီဖြစ်ပါကြောင်း၊ ယင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပြိုင်ဆိုင်လုပ်ကိုင်လာကြရာတွင် ရေရှည်လုပ်ကိုင်နိုင်ရန် နိုင်ငံတကာအဆင့်သတ်မှတ်ထားရှိသည့်စံနှင့် သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ရန်လိုအပ်လာပါကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရန်လည်း လိုအပ်ပါကြောင်း၊ ၎င်းတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ စောင့်ရှောက်သည့် တာဝန်သိ ရင်းနှီးမြှုပ်နှံသူများအဖြစ် တရုတ်စီးပွားရေးကုမ္ပဏီများအပေါ် သတ်မှတ်ယုံကြည်လာအောင် ပြုလုပ်သွားမည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း။

မိမိတို့နိုင်ငံရှိ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံက အတိုးနှုန်းသက်သာသည့် ချေးငွေအကူအညီရယူရန် နှစ်ဖက်သဘောတူခဲ့ပါကြောင်း၊ ယင်းချေးငွေများကို ကျေးရွာအလိုက် ရင်းနှီးမတည်ငွေအဖြစ် စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ဆန္ဒရှိပါကြောင်း။

ကျေးလက်ဒေသ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အရင်းအနှီးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများ လိုအပ်နေဆဲဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့် ဆန်၊ ပြောင်းနှင့် ရော်ဘာတို့ကို တရုတ်နိုင်ငံသို့တင်ပို့ရာတွင် တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းအရည်အသွေးနှင့် ပိုးမွှားကင်းစင်မှုစစ်ဆေးရေးစံနှုန်းများနှင့်ကိုက်ညီတင်ပို့ခွင့် မရသေးသည့်အတွက် အမြန်ဆုံး တင်ပို့ခွင့်ရရှိလိုပါကြောင်း။

အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်စေရန် လိုအပ်သည့် ကျွမ်းကျင်သူလူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သည့်ကဏ္ဍများတွင် အဆွေတော်တို့အနေဖြင့် တတ်နိုင်သမျှကူညီပေးစေလိုပါကြောင်း၊ အဆွေတော်တို့ကဲ့သို့ မိတ်ဆွေနိုင်ငံများက ပေးအပ်လာသည့် အကူအညီများကို အကျိုးရှိရှိအသုံးချနိုင်ရန် စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ဒေသတည်ငြိမ်ရေးနှင့်အေးချမ်းရေးသည် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်နယ်စပ်ဒေသနေ ပြည်သူများလူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက် များစွာအရေးကြီးသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အရေးပါပါကြောင်း၊ အဆွေတော်ကိုလည်း အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကျင်းပရာ နှစ်နိုင်ငံသမ္မတများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Gao Hu Cheng တို့က စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ကို လည်းကောင်း၊ သံအမတ်ကြီး ဦးတင်ဦးနှင့် တရုတ်နိုင်ငံပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ Mr. Li Rougu တို့က အထက်ရဲရွာ-ရွှေစာရံ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်တို့ ဦးစားပေးဝယ်သူချေးငွေစာချုပ်နှင့် မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ချေးငွေရယူရေး အစီအစဉ် သဘောတူစာချုပ်တို့ကိုလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။

(သတင်းစဉ်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန် ဖိတ်ခေါ်ခြင်း

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ "အဆိုပြုလွှာ"များ ထုတ်ယူနိုင်ပါသည်။ ၂၀၁၃ခုနှစ် ဧပြီလ ၁ရက်မှ ၂၀၁၃ခုနှစ်၊ မေလ ၁၅ ရက်အတွင်း "အဆိုပြုလွှာ"များ တင်သွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးခင်ဇော်(ရုံးအုပ်) ၀၈၂-၅၀၆၄၈၊ ၅၂၉၈၄၊

၀၉-၅၂၃၃၂၅၀
၀၉-၅၂၁၄၀၇၅
၀၆၉၂-၆၂၈၂၅၅၄၊
၆၂၀၅၄၇၄

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း

❁ **နေပြည်တော်မှ**

တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပုဂ္ဂလိကရေကစားမကျွပ်များကိုဇဗ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန်တွင် ဆောက်လုပ်လျက်ရှိရာ ရွှေညှော်သည်ဟိုတယ်ရှေ့တွင် ရွှေသံလွင်ကုမ္ပဏီရေကစားမကျွပ် Royal Kumudra Hotel ရှေ့တွင် ဟိုတယ်မိသားစု၏ ရေကစားမကျွပ်နှင့် အိုအေစစ်ဟိုတယ်ရှေ့တွင် နေပြည်တော် (FC) ရေကစားမကျွပ်များ ဆောက်လုပ်လျက်ရှိသည်။ ဖျော်ဖြေမှုများအနေဖြင့် နိုင်ငံကျော်အဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များဖြင့် ဖျော်ဖြေတင်ဆက်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ကျော်သူရ(npt)

ဂလိုဘယ်လ်ဟော့ခ် အမျိုးအစား အမေရိကန်မောင်းသူမဲ့ သူလျှိုလေယာဉ်ကို တွေ့ရစဉ်။

မောင်းသူမဲ့သူလျှိုလေယာဉ်တစ်စင်းကို အမေရိကန်စစ်ဘက်က ဂျပန်၌ဖြန့်ကြက်မည်

တိုကျို ဧပြီ ၆

မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံလွှတ်တင်ရန် ပြင်ဆင်နေပုံရချိန်တွင် ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေး စွမ်းပကားများအား မြှင့်တင်နိုင်ရန် အမေရိကန်စစ်ဘက်က မောင်းသူမဲ့သူလျှိုလေယာဉ်တစ်စင်းကို ဂျပန်နိုင်ငံ၌ ဖြန့်ကြက်ရန် လုပ်ဆောင်လျက်ရှိကြောင်း ဆန်ကေးရှင်ဘွန်းသတင်းစာက ဧပြီ ၆ရက်တွင် ရေးသားဖော်ပြသည်။

အမေရိကန်လေတပ်မှ ဂလိုဘယ်လ်ဟော့ခ်အမျိုးအစား မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်ကိုဂျပန်နိုင်ငံမြောက်ပိုင်း မီဆာဝါမြို့ရှိ အမေရိကန်လေတပ်စခန်းတွင် ဖြန့်ကြက်မည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၌ ဂလိုဘယ်လ်ဟော့ခ်အမျိုးအစား ယင်းလေယာဉ်ကို ဖြန့်ကြက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်မည်ဖြစ်ကြောင်း အစိုးရသတင်းရပ်ကွက်ကို ကိုးကားလျက် ဆန်ကေးရှင်ဘွန်းသတင်းစာက ရေးသားဖော်ပြသည်။

ဂျပန်နိုင်ငံ၌ မောင်းသူမဲ့ ထောက်လှမ်းရေး လေယာဉ်တစ်စင်းကို ဇွန်လနှင့် စက်တင်ဘာလကြားကာလတွင် ဖြန့်ကြက်ရန်ရှိခြင်းနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က ဂျပန်နိုင်ငံကို လွန်ခဲ့သည့်လက အကြောင်းကြားခဲ့သည်။ သို့ရာတွင် ဖော်ပြပါကာလထက် စောစီးစွာ ထောက်လှမ်းရေးလေယာဉ်ကို ဖြန့်ကြက်ဖွယ်ရှိကြောင်း၊ မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံလွှတ်တင်ရန် ပြင်ဆင်နေသည်ဆိုသောသတင်းများ ပေါ်ထွက်ခဲ့ပြီးနောက် ထောက်လှမ်းရေးလေယာဉ်ကို အမြန်ဆုံး ဖြန့်ကြက်မည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် တာလတ်ပစ် မူဆာဒင်ဒုံးပျံနှစ်စင်းကို ရွှေ့ပြောင်းနိုင်သော ဒုံးပျံပစ်စင်များပေါ်တွင် ထားရှိခဲ့ပြီး ယင်းဒုံးပျံများကို နိုင်ငံ၏အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းဒေသအနီးရှိ မြေအောက်စခန်းတွင် သိုဝှက်ထားကြောင်း တောင်ကိုရီးယားအစိုးရ အထက်တန်းတာဝန်ရှိသူတစ်ဦးကို ကိုးကားလျက်ယွန်ဟပ်သတင်းဌာနက သတင်းဖော်ပြသည်။

အေအက်ဖ်ပီ။

နိုင်ငံခြားသံတမန်များထွက်ခွာသွားရန် မြောက်ကိုရီးယားသတိပေး

ပြုံယမ်း ဧပြီ ၆

မြောက်ကိုရီးယားအစိုးရက မိမိနိုင်ငံအတွင်းရှိ နိုင်ငံခြားသံရုံးများ၊ သံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဘေးကင်းရာသို့ ပြောင်းရွှေ့သွားကြရန် သတိပေးချက်ထုတ်ပြန်ကြေညာခဲ့ပြီး ပဋိပက္ခတင်းမာမှုများအတွင်း ဖြစ်ပေါ်လာသော အကျိုးရလဒ်များအတွက် လုံခြုံမှုပေးနိုင်ရန် အာမခံချက်မပေးနိုင်ကြောင်း သံတမန်သတင်းအရင်းအမြစ်များက ဧပြီ ၅ ရက် တွင်ပြောကြားသည်။

အဆိုပါ သတိပေးကြေညာချက်ကို မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သံတမန်များက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံရှိ ရုရှားသံရုံးမှ သတင်းထုတ်ပြန်ရေးအရာရှိ ဒန်းနစ်ဆမ်ဆိုနော့ဗ်က ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများတစ်နေ့တခြား ပိုမိုဆိုးရွားလာမှု**(အပေါ်ပုံ)**နှင့် ဆက်နွယ်၍ သံတမန်များ၊ အခြားရုရှားအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များအနေဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့သွားကြရန် မြောက်ကိုးရီးယားအစိုးရက တိုက်တွန်းသတိပေးခဲ့ကြောင်း ရုရှားသတင်းမီဒီယာများသို့ ပြောကြားသည်။ ရုရှားသံရုံးအနေဖြင့် မည်သည့်ဆုံးဖြတ်ချက်မျှ မချရသေးကြောင်းနှင့် ပုံမှန်အတိုင်း လှုပ်ရှားနေဆဲဖြစ်ကြောင်း ဆမ်ဆိုနော့ဗ်၏ ပြောကြားချက်ကို ကိုးကား၍ Itar-Tass သတင်းဌာနက ဖော်ပြသည်။

သံတမန်များသည် ပြုံယမ်းမြို့နှင့် မြောက်ကိုရီးယားပိုင်နက်နယ်မြေတစ်ခုလုံး၏ အခြေအနေများကို အနီးကပ်စောင့်ကြည့်လေ့လာနေသကဲ့သို့ မြောက်ကိုရီးယားနိုင်ငံ၏ ထုတ်ပြန်ကြေညာချက်များကိုလည်း နားစွင့်နေကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

အိုကီနာဝါရှိ လေတပ်စခန်းတစ်ခု ဂျပန်သို့ ပြန်ပေးရန်သဘောတူ

တိုကျို ဧပြီ ၆

အမေရိကန်လေတပ် အခြေစိုက်စခန်းတစ်ခုကို ဂျပန်နိုင်ငံသို့ပြန်ပေးရေးအတွက် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့က သောကြာနေ့တွင် ကြေညာခဲ့သည်။

ရန်လိုသော မြောက်ကိုရီးယားနှင့် တိုးတက်လာသော တရုတ်နိုင်ငံတို့ကို ရင်ဆိုင်နေကြရသည့် နှစ်နိုင်ငံအကြားဆက်ဆံရေး မပြေမလည်ဖြစ်နေရသော ပြဿနာအား ဖြေရှင်းရာတွင် အဆင့်တစ်ခုသို့ တက်လှမ်းလိုက်ခြင်းဖြစ်သည်။

ရေးဆွဲထားသော အစီအစဉ်အတိုင်း အိုကီနာဝါကျွန်းပေါ်မှာပင် ပြန်လည်နေရာချထားရေးကိုဆောင်ရွက်ပြီးလျှင် ယင်းကျွန်းပေါ်မှ အမေရိကန်မရိန်းတပ်ဖွဲ့၏ ဖူတဲမလေတပ်အခြေစိုက်စခန်းကို ၂၀၂၂ ခုနှစ်ထက် စောနိုင်သမျှစောစော ဂျပန်အစိုးရလက်သို့ ပြန်လည်ပေးအပ်မည်ဖြစ်သည်။

အိုကီနာဝါကျွန်းပေါ်မှ အမေရိကန်စစ်ဘက် အဆောက်အအုံငါးခု၏အပိုင်းလိုက်သို့မဟုတ် အားလုံးကို ပြန်ပေးရမည့် အချိန်ကာလ ထည့်သွင်းရေးဆွဲထားသော ယင်းသဘောတူညီချက်သည် ၎င်းတို့ မဟာမိတ်နှစ်နိုင်ငံ၏ ချစ်ခင်ရင်းနှီးမှုကို မည်သည့်အခါမျှ ပျက်သုဉ်းသွားမည်မဟုတ်ကြောင်း ဖော်ထုတ်ပြသလိုက်ခြင်းပင်ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေသည့် ယူကီအိုဟာတိုယာမက ဖူတဲမစစ်စခန်းကို အိုကီနာဝါကျွန်းပေါ်မှ ရွှေ့ပြောင်းပေးပါမည်ဟု ကတိရရှိရန် ကြိုးပမ်းခဲ့သဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး အေးစက်ခဲ့ရသည်။ **ဆင်ဟွာ။**

အိုကီနာဝါကျွန်းပေါ်ရှိ အမေရိကန်လေတပ် အခြေစိုက်စခန်းကို တွေ့မြင်ရစဉ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘက်စုံပညာထူးချွန်လူငယ်များနှင့် မွန်ပြည်နယ် လူငယ်လေ့လာရေးအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများကို လျစ်လျူပြုပြီး ခွဲခြားဆက်ဆံခြင်း၊ အနိုင်အထက်ပြုမူခြင်း၊ တရားဥပဒေမဲ့ပြုခြင်းများကို လွှတ်တော်များက လက်မခံ

နေပြည်တော် မေ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၉ နာရီတွင် လွှတ်တော်သို့လာရောက်လေ့လာသည့် ဘက်စုံပညာထူးချွန်လူငယ်များနှင့် မွန်ပြည်နယ် လူငယ်လေ့လာရေးအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ တွေ့ဆုံ၍ နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် လွှတ်တော်ကိုလာရောက်လေ့လာကြသော ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် လေ့လာကြသူ မောင်မယ်အပေါင်းတို့အား လွှတ်တော်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်းနှင့် လွှတ်တော်ကို အလေးထားလေ့လာကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယနေ့ အချိန်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့်အညီ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်လျက်ရှိကြောင်း။

ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသော ပြည်သူ့ကိုယ်စားလှယ်များ (အမတ်များ)ဖြင့် လွှတ်တော်(ပါလီမန်)များကို ဖွဲ့စည်းပြီး ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် စေတနာထားကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ စေတနာသဒ္ဓါထက်သန်စွာ ဆောင်ရွက်နေကြသော်လည်း ဆောင်ရွက်ဖွယ်ရာများစွာရှိနေသေးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်များ အနေဖြင့် ယခုထက်ပိုသော ဇွဲလုံ့လ၊ ဝီရိယများ၊ အရည်အချင်းကောင်းများဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်နေပါသေးကြောင်းလည်း ဝန်ခံပြောဆိုလိုပါကြောင်း၊ ထို့အတူ စေတနာ သဒ္ဓါကောင်းများဖြင့် ပြည်ထောင်စုနိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက် အမိကထားကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား ကတိပေးပြောကြားလိုပါကြောင်း။

မိမိတို့ကမ္ဘာတွင် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် သူ့နည်းသူ့ဟန်သူ့နိုင်ငံနှင့် လိုက်လျောညီထွေရှိသော ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေကြသည်ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သည် ကမ္ဘာတွင် အကောင်းဆုံးစနစ်ဟု မပြောဆိုနိုင်ကြသေးသော်လည်း ကမ္ဘာတွင် အများဆုံး လက်ခံကျင့်သုံးနေသည့် စနစ်ဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအား တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက ဒီမိုကရေစီနိုင်ငံရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို စနစ်တကျ ကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း။

ယနေ့ ယခုနှင့် နောင်အနာဂတ်အတွက် အားကိုးအားထားပြုကြရမည့်သူများမှာ မောင်တို့ မယ်တို့ကဲ့သို့ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ဆိုသည်မှာ ဘာလဲ၊ ဒီမိုကရေစီအလေ့အကျင့်ဆိုသည်မှာ ဘာလဲဆိုသည်ကို ခွဲခွဲခြားခြားသိရှိနားလည်ပြီး အမှန်တကယ် လက်တွေ့နယ်ပယ်တွင် ကျင့်သုံးနိုင်ရေးကို အလေးပေးအလေးထား ဆောင်ရွက်နေကြရန် လိုအပ်ပါကြောင်း။

ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီစကားများ၊ ဒီမိုကရေစီအရေးများ တွင်တွင်ပြောနေကြပြီး တစ်ချိန်တည်းမှာပင် ဒီမိုကရေစီအနိုင်ကျင့်မှု၊ အကျပ်ကိုင်မှု၊ အလွဲသုံးမှုများကြောင့် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အနှောင့်အယှက် အဟန့်အတား အခက်အခဲများစွာ ကြုံတွေ့နေရသည်များကိုလည်း ဝမ်းနည်းစွာ တွေ့မြင်နေကြရကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးကို လျစ်လျူပြုပြီး ခွဲခြားဆက်ဆံခြင်း၊ အနိုင်အထက်ပြုမူခြင်း၊ တရားဥပဒေမဲ့ပြုခြင်းများကြောင့် မကြာသေးခင်က ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များ၊ လုပ်ရပ်များကို လွှတ်တော်များက လက်မခံပါကြောင်းနှင့် ရှုတ်ချပါကြောင်း အသိပေးပြောကြားလိုပါကြောင်း။ မည်သည့်အကြမ်းဖက်အနိုင်ကျင့်မှုမျိုးကိုမဆို ပြည်သူများက လက်မခံသကဲ့သို့ လွှတ်တော်များကလည်း လက်ခံမည်မဟုတ်ကြောင်းကို အသိပေးလိုပါကြောင်း၊ ထို့ကြောင့်လွှတ်တော်အတွင်း ဖွဲ့စည်းထားသော တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီနှင့်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ (၃)ရပ်တို့သည် အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တရားရေးရာအဖွဲ့အစည်းများနှင့် အပြန်အလှန်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်သွားကြရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ နောင်တွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်အတွင်းရှိ နိုင်ငံသားများငြိမ်းချမ်းစွာနှင့် ဘဝလုံခြုံမှုပြည့်ဝစွာနေထိုင်နိုင်ကြရန်အတွက်လည်းကောင်း ပြည်သူများ၏ ကိုယ်စားလှယ်များက ပြည်သူ့အတွက်၊ နိုင်ငံ့အတွက် အကျိုးပြုဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဆိုသော ဆောင်ပုဒ်သည် အခြေခံပညာကျောင်းများတွင် ထင်သာမြင်သာရှိအောင် ရေးထားသည့်ဆောင်ပုဒ်များဖြစ်ပြီး စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းရှိအောင်၊ ပညာတတ်အောင် သင်ကြားသင်ယူရန် ဖော်ညွှန်းထားခြင်းဖြစ်ကြောင်း၊ ပြည့်စုံအောင်ရယူကြစေလိုကြောင်း၊ အထူးသဖြင့် ယခုလို ကာလမျိုးတွင် စည်းကမ်းလိုက်နာကြရန် အရေးကြီးကြောင်း၊ စည်းကမ်းသည် ဥပဒေနှင့်တစ်ဆက်တည်းဖြစ်ကြောင်း၊ တရားမျှတသော စည်းကမ်းနှင့် ဥပဒေများကို လေးစားလိုက်နာခြင်းသည် ကြီးမားသော တန်ဖိုးနှင့် ဂုဏ်သိက္ခာ ရှိကြကြောင်း၊ လူတိုင်းအတွက်လည်း အန္တရာယ်ကင်းနိုင်ပါကြောင်း၊ လုံခြုံမှုလည်းရှိပါကြောင်း၊ ထို့အပြင် သဘောထားအမြင်မတူသည့် သူများအပေါ်တွင် နားလည်မှုရှိရန် ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပြုစုထားပါမှ မိမိတို့လိုလူမျိုးပေါင်းစုံနေထိုင်သောနိုင်ငံအတွက် အနာဂတ်သည် လှပမည်ဖြစ်ပါကြောင်း။

တကယ့်နိုင်ငံသားကောင်းများသည် နိုင်ငံတော်အပေါ် သစ္စာရှိပြီး မိမိယုံကြည်ကိုးကွယ်သည့်ဘာသာနှင့် မိမိတိုင်းပြည်အတွက် အကောင်းဆုံးအလုပ်လုပ်ကြရသူများဖြစ်ကြောင်း၊ လူအချင်းချင်း ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းပြီး ပူးပေါင်းဆောင်ရွက်တတ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် တာဝန်သိမှုနှင့် လွတ်လပ်မှုကို ဟန်ချက်ညီညီ ကျင့်သုံးပြီး လူသားပီသသော လူသားအဖြစ် မိမိကိုယ်ကို လေ့ကျင့်တည်ဆောက်နေကြရမည်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် စနစ်ပြောင်းသွားပြီဖြစ်ကြောင်း၊ ခေတ်လည်းပြောင်းလဲနေပြီဖြစ်ကြောင်း၊ ခေတ်စနစ်ပြောင်းလဲတိုးတက်မှုနှင့်အညီ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အလေးထားဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေများလည်း ရေးဆွဲလျက်ရှိကြောင်း၊ ယနေ့အချိန်အခါတွင် မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေးအတွက် ပြည်သူ့နီတိ၊ လောကနီတိသင်ခန်းစာများ၊ ဒီမိုကရေစီစိတ်ထား၊ ဒီမိုကရေစီကျင့်စဉ်နှင့်ဆက်နွှယ်နေသော လူ့အခွင့်အရေး၊ လူ့အခွင့်အလမ်းများကို ပညာရေးသင်ခန်းစာများတွင် သင်ကြားပေးပြီး ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ပညာရေးတို့ အချိုးညီ ပြည့်ဝလာစေရန် လိုအပ်ကြောင်း၊ လူမှုစီးပွားရေးနယ်ပယ်တွင် ခိုင်မာစွာရပ်တည်ရှင်သန်နိုင်မည့် တွေးခေါ်ကျင့်ကြံပြုမူနေထိုင်တတ်သည့် အရည်အချင်းများ ပြည့်ဝလာစေရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံသားကောင်းတစ်ယောက်၏ အရည်အသွေးနှင့် အရည်အချင်းများ ပြည့်ဝစွာရရှိရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီနိုင်ငံသားတစ်ဦး၏ ဂုဏ်အင်္ဂါနှင့်ပြည့်စုံရေးအတွက် တာဝန်သိခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံဆောင်ရွက်ခြင်း၊ အများစု၏ဆန္ဒအား အားလုံးက လိုက်နာဆောင်ရွက်ခြင်း၊ အနည်းစု၏ဆန္ဒကို အလေးထားခြင်းများကိုလည်း နားလည်လက်ခံ ကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ငယ်ရွယ်စဉ်အခါက စတင်ပျိုးထောင်ဆောင်ရွက်နေခြင်းသည် မိမိအတွက်၊ အများအတွက်၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းပြီး နိမ့်ကျနောက်ကျနေသော မိမိတို့နိုင်ငံအား ကမ္ဘာနှင့်ရင်ပေါင်တန်း နိုင်ငံအဖြစ် ရောက်ရှိရေးအတွက်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့၏ စိတ်စေတနာနှင့် အရည်အချင်းများဖြင့် ပါဝင်ဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက အမှာစကားပြောကြားပြီး ဘက်စုံပညာထူးချွန်လူငယ်များကိုယ်စား ကချင်ပြည်နယ် ဖားကန့်မြို့နယ်ကိုယ်စားပြု ကျောင်းသူ မအိအိသဥ္ဇာကျော်နှင့် မွန်ပြည်နယ် လူငယ်လေ့လာရေးအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးဝင်းနိုင်ဦးတို့က ကျေးဇူးတင်စကားများပြန်လည်ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် လွှတ်တော်ရုံး တာဝန်ရှိသူများက လွှတ်တော်ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားကာ လွှတ်တော်အတွင်း လိုက်လံရှင်းလင်းပြသပေးခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

၉း၂၀ ကျန်းမာရေးစကားဝိုင်း "သွေးမတိုးအောင်သတိဆောင် ကိုယ်လက်လှုပ်ရှား မှုအောင်စား"

၉း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၃၆) (Re Run)

၁၀း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၃၆) (Re Run)

၁၁း၀၀ ဂီတတံခါးလေးဖွင့်ပါဦး (Re Run)

၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဗေဒါလမ်း"(ပထမပိုင်း) (နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်) [(ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးဝိုက်)]

၁း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဗေဒါလမ်း"(ဒုတိယပိုင်း) (နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်) [(ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးဝိုက်)]

၂း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဗေဒါလမ်း"(တတိယပိုင်း) (နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်) [(ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးဝိုက်)]

၂း၅၀ ခါသကြ်န်အဆိုအကများ

၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "နွေဦးပုံပြင်" (အပိုင်း - ၁)

၄း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "နွေဦးပုံပြင်" (အပိုင်း - ၁)

၄း၄၀ ကမ္ဘာ့ကျန်းမာရေးနေ့ (၂၀၁၃) ပညာပေးအစီအစဉ်

၆း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း -၃၇)

၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း -၃၇)
-နိုင်ငံခြားဇာတ်လမ်းတွဲ "နွေဦးပုံပြင်" (အပိုင်း-၂)

❖ ရှုံးပွဲမရှိမှ

(KBZ ကွင်း)
ကမ္ဘောဇ
-တစ်ဂိုး(စိုးဝင်းဦး)
ဇွဲကပင်ယူနိုက်တက်
-ဂိုးမရှိ

(ဗထူးကွင်း)
Southern
-တစ်ဂိုး(စိုးမြတ်သူ)
ရတနာပုံ-ဂိုးမရှိ

(အောင်ဆန်းကွင်း)
ရောဝတီယူနိုက်တက်
-လေးဂိုး
(ဒိုမီနစ်-သုံးဂိုး၊
လီအန်ဒရို-တစ်ဂိုး)
ဟံသာဝတီယူနိုက်တက်
-သုံးဂိုး (ချစ်ကိုကို၊
ကလစ်ဖို့ဒ်နှင့် အောင်မြင့်ထွန်း)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)
မနောမြေ -ရခိုင်

(NPT ကွင်း)
နေပြည်တော် - ဇေယျာရွှေမြေ



သင့်သွေးဖြင့် အသက်ကယ်ပါ

ကမ္ဘာ့ကျန်းမာရေးနေ့ဂုဏ်ပြုဆောင်းပါး

သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းအကြောင်း

တွဲဖက်ပါမောက္ခ ဒေါက်တာ ဖြူဖြူလေး
(ဦးနှောက်နှင့် အာရုံကြော)

ဧပြီလ ၇ ရက်နေ့သည် ကမ္ဘာ့ကျန်းမာရေးနေ့ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization) စတင်တည်ထောင်သည့် ၁၉၄၈ ခုနှစ် ဧပြီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဧပြီလ ၇ ရက်နေ့ကို **“ကမ္ဘာ့ကျန်းမာရေးနေ့”**အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ သက်ရှည်ကျန်းမာရေးကို ဂရုပြုအလေးထားသော အဓိကကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ပုဒ်များ ချမှတ်လျက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် ၂၀၁၃ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "High Blood Pressure (Hypertension)" ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆီလျော်အောင် ဘာသာပြန်ဆိုသတ်မှတ်သော ကမ္ဘာ့ကျန်းမာရေးနေ့အတွက် ဆောင်ပုဒ်မှာ “သွေးမတိုးအောင် သတိဆောင်၊ ကိုယ်လက်လှုပ်ရှား၊ မျှအောင်စား”ဟူ၍ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ယခုနှစ်ရည်မှန်းချက်များမှာ-

(၁) သွေးတိုးရောဂါကိုဖြစ်ပွားစေသော အကြောင်းများ၊ သွေးတိုးရောဂါ၏လက္ခဏာများ၊ သွေးတိုးခြင်းကြောင့်ဖြစ်သော နောက်ဆက်တွဲ ရောဂါများအကြောင်းကို ပိုမိုသိရှိဂရုပြုမိစေရန်၊
(၂) သွေးတိုးရောဂါနှင့် သွေးတိုးရောဂါကြောင့်ဖြစ်သော နောက်ဆက်တွဲရောဂါများကို မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန် သွေးတိုးရောဂါဖြစ်စေသော အပြုအမူ၊ အနေအထိုင်များကို ပြုပြင်ပြောင်းလဲရန်၊
(၃) သွေးပေါင်မှန်မှန်ချိန်ရန်၊
(၄) ကျန်းမာရေးဝန်ထမ်းများ၏ အကြံပြုချက်များကို လိုက်နာရန်၊
(၅) ပြည်သူ့လူထုအားလုံး အလွယ်တကူ သွေးပေါင်ချိန် စစ်ဆေးနိုင်ရန်၊
(၆) သွေးတိုးရောဂါရှိလျှင် ထိရောက်စွာ ကုသရန် တို့ဖြစ်ပါသည်။

သွေးတိုးရောဂါသည် ကမ္ဘာ့နှင့်အဝှမ်းတွင် အဓိကအရေးကြီးသော ကျန်းမာရေးပြဿနာဖြစ်သော်လည်း ၎င်းသည် ကာကွယ်နိုင်သော၊ ကုသနိုင်သောရောဂါတစ်ခုလည်း ဖြစ်ပါသည်။

သွေးတိုးရောဂါသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် လူမည်းများတွင် ဖြစ်ပွားနှုန်းပိုမိုများပြားကြောင်း လေ့လာချက်များအရ သိရှိရပါသည်။

သွေးတိုးရောဂါဖြစ်ပွားနေသော လူတစ်ယောက်သည် လေဖြတ်ခြင်းရောဂါ၊ နှလုံးရောဂါ၊ကျောက်ကပ်ပျက်စီးခြင်းရောဂါ၊ မျက်စိကွယ်ခြင်းနှင့် အခြားသော သွေးကြောရောဂါဝေဒနာများကို ဆက်လက်ဖြစ်ပွားခံစားရပါသည်။ ၎င်းရောဂါဝေဒနာတို့သည် သွေးတိုးရောဂါမရှိသောသူနှင့်နှိုင်းယှဉ်လျှင် သွေးတိုးရောဂါရှိသောသူများတွင် ဖြစ်ပွားနိုင်သောအခွင့်အလမ်းများ ပိုမိုများပြားကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

သွေးတိုးရောဂါ ဖြစ်ပွားစေသော အကြောင်းများမှာ-

(၁) အငန်ဓာတ်လွန်ကဲစွာစားခြင်း၊ (ဥပမာ-ဟင်းများထဲတွင် ဆားပိုမိုထည့်ခြင်း)
(၂) အငန်ဓာတ်များစွာပါသော အစားအစာများ စားခြင်း၊ (ဥပမာ-ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ အချိုမှုန့်၊ တာရှည်ခံအောင် စီမံထားသော အစားအစာများ၊ စည်သွတ်ဘူးများ၊ ပေါင်မုန့်၊ ဒိန်ခဲ၊ လက်လုပ်ချဉ်ဖတ်များ)
(၃) စိတ်ဖိစီးမှုများ၊ စိတ်ပိုင်းဆိုင်ရာ စိတ်ဆိုးလွယ်၊ ဒေါသဖြစ်လွယ်ခြင်းများ၊
(၄) မျိုးရိုးတွင် သွေးတိုးရောဂါရှိခြင်း၊
(၅) သွေးတိုးစေသော ဆေးများ မှီဝဲနေခြင်း (ဥပမာ-စတီးရွိုက်ဆေးများ၊ နွယ်ချိုပါသော အစာကြေဆေး၊ လျက်ဆားများ)

သွေးတိုးရောဂါသည် ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများကို နှစ်ပေါင်းများစွာ တဖြည်းဖြည်းချင်း ထိခိုက်ပျက်စီးစေပါသည်။ များသောအားဖြင့် သွေးကြောများထိခိုက်ပျက်စီးပြီးမှသာ သွေးတိုးရောဂါရှိကြောင်း သိရှိကြပါသည်။ ထို့ကြောင့် သွေးတိုးရောဂါရှိနေသည့် လက္ခဏာများကို သိရှိထားရန်လိုအပ်ပါသည်။ ၎င်းတို့မှာ-

(၁) ပင်ပန်းနွမ်းနယ်လွယ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ ဦးနှောက်မကြည်ခြင်း၊ အသိအာရုံများ ဝေဝါးခြင်း၊
(၂) အမြင်အာရုံချို့ယွင်းလာခြင်း၊
(၃) ရင်ဘတ်အလယ်တွင် အောင့်လာခြင်းနှင့် နှလုံးခုန်နှုန်းပုံမမှန်ခြင်း၊ မောပန်းလာခြင်း၊ အသက်ရှူကျပ်ခြင်း၊
(၄) ဆီးထဲတွင် သွေးပါခြင်း၊
(၅) နှာခေါင်းသွေးယိုခြင်း၊
(၆) နားအူခြင်း၊ (ပုရစ်များအော်သံကဲ့သို့) တို့ဖြစ်ပါသည်။

သင့်တွင် သွေးတိုးရောဂါရှိကြောင်း မည်ကဲ့သို့ သိရှိနိုင်မည်နည်း။

အနားယူပြီး သွေးပေါင်ချိန်သောအခါတွင် သုံးကြိမ်ဆက်တိုက် အပေါ်သွေး ၁၄၀၊ အောက်သွေး ၉၀ နှင့် အထက်(⩾၁၄၀/၉၀)ရှိလျှင် သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်နိုင်ပါသည်။ အပေါ်သွေးဆိုသည်မှာ နှလုံးတစ်ကြိမ်ခုန်တိုင်း သွေးကြောတွင်းရှိ အများဆုံး သွေးဖိအားနှင့် အောက်သွေးဆိုသည်မှာ နှလုံးခုန်မှုများကြားတွင် သွေးကြောတွင်းရှိ အနည်းဆုံးသော သွေးဖိအားဖြစ်ပါသည်။

သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းရောဂါသည် ဆက်စပ်လျက်ရှိပါသည်။ သွေးတိုးရောဂါသည် လေဖြတ်ခြင်းကို ဖြစ်ပွားစေသော အကြောင်းအရာများအနက် အဓိကအကြောင်းအရာတစ်ခုဖြစ်ပါသည်။ လေဖြတ်ရောဂါအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် သွေးတိုးရောဂါကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သွေးတိုးရောဂါသည် လေဖြတ်ခြင်းကို မည်ကဲ့သို့ ဖြစ်ပွားစေနိုင်သနည်း။

လေဖြတ်ခြင်းတွင် ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းနှင့် ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းဟူ၍ နှစ်မျိုးရှိရာ သွေးတိုးရောဂါသည် ထိုလေဖြတ်ခြင်း နှစ်မျိုးစလုံးကို ဖြစ်ပေါ်စေပါသည်။

သွေးတိုးရောဂါသည် ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောများအားလုံးကို ထိခိုက်ပျက်စီးစေသဖြင့် သွေးတိုးရောဂါရှိသောသူ၏ဦးနှောက်အတွင်းရှိ သွေးကြောများတွင်လည်း သွေးကြောနံရံများအင်အားလျော့နည်းလာပြီး ပျက်စီးလာခြင်း၊ သွေးကြောများမာကြောလာခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထိုဦးနှောက်သွေးကြောများ အင်အားချည့်နဲ့လာသောအခါ သွေးလည်ပတ်နှုန်းခက်ခဲလာပြီး အလွယ်တကူပိတ်ဆို့ခြင်းကိုဖြစ်ပေါ်စေပါသည်။ ထိုအခါ ဦးနှောက်အတွင်းသွေးစီးဆင်းမှုရပ်တန့်သွားခြင်းဖြစ်ပြီး လေဖြတ်ခြင်း (သို့)ဦးနှောက်တိုက်ခိုက်ခံရခြင်းကို ခံစားရပါသည်။ ဦးနှောက်တွင်းသွေးစီးဆင်းမှုရပ်တန့်သွားလျှင် ဦးနှောက်ကလာပ်စည်းဆဲလ်များ အောက်ဆီဂျင်ရရှိမှု ရပ်တန့်သွားခြင်း၊ ကုသမှုနောက်ကျလျှင် ဦးနှောက်ဆဲလ်များလုံးဝအလုပ်မလုပ်တော့ဘဲ ဆဲလ်များသေသွားခြင်းနှင့် အသက်ဆုံးရှုံးခြင်း၊ နာတာရှည် မသန်မစွမ်းဖြစ်ကျန်ရစ်ခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။

လေဖြတ်ခြင်း၏ ၈၀ ရာခိုင်နှုန်းသည် ထိုသို့ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းကြောင့်ဖြစ်ပါသည်။

ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းဆိုသည်မှာ သွေးတိုးရောဂါကြောင့် သွေးကြောနံရံများ အင်အားချည့်နဲ့လာပြီး သွေးကြောနံရံများပါးလာခြင်း၊ တစ်ခါတစ်ရံ ဘောလုံးသဖွယ် ဖောင်းထွက်လာခြင်းတို့သည် သွေးပေါင်ချိန် မြင့်တက်နှုန်းများလာသော အခြေအနေ၌ ပေါက်ကွဲခြင်းများကိုဖြစ်ပေါ်စေပါသည်။ ထိုအခါဦးနှောက်သွေးကြောပေါက်ခြင်းကြောင့်ဖြစ်သော လေဖြတ်ရောဂါကို ဖြစ်ပေါ်စေပါသည်။

လေဖြတ်ခြင်း၏ ရောဂါလက္ခဏာများမှာ-

၁။ မျက်နှာ၊ လက်၊ ခြေ၊ တစ်ဖက်ထုံခြင်း၊ လေးလံခြင်း၊ လုံးဝမလှုပ်ရှားနိုင်တော့ခြင်း၊
၂။ စကားပြောဆိုဆက်ဆံရာတွင် အခက်အခဲရှိခြင်း၊
၃။ လမ်းလျှောက်ရန်ခက်ခဲပြီး ဒယိမ်းဒယိုင်ဖြစ်ခြင်း၊
၄။ ရုတ်တရက်ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊
၅။ အစာရေမျိုရခက်ခြင်း၊
၆။ ဆီးဝမ်းမထိန်းနိုင်ခြင်း၊
၇။ ထိတွေ့မှုအာရုံပျက်ယွင်းခြင်း၊
၈။ အမြင်အာရုံချို့ယွင်းခြင်း၊
၉။ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ အာရုံစူးစိုက်မှုအားနည်းခြင်း၊
၁၀။ စိတ်မထိန်းချုပ်နိုင်ခြင်း၊
၁၁။ သတိလစ်မေ့မြောခြင်း၊ တက်ခြင်းတို့ဖြစ်ကြပါသည်။

လေဖြတ်ရောဂါကို ခံစားရလျှင် သင်ဘာလုပ်သင့်သနည်း။

လေဖြတ်ခြင်းသည် အရေးပေါ်ဆေးကုသရမည့် အခြေအနေဖြစ်ပါသည်။ နားလည်တတ်ကျွမ်းသော ဆရာဝန်များဖြင့် ဆေးရုံတင်၍ ဆောလျင်စွာ စနစ်တကျကုသသင့်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် လူနာ၏အသက်ကို ကယ်နိုင်သကဲ့သို့ နာတာရှည်မသန်မစွမ်းဖြစ်ကျန်ရစ်ခြင်းကိုလည်း လွန်စွာနည်းပါးစေပါသည်။

လေဖြတ်ခြင်းကို မည်သို့ကာကွယ်နိုင်မည်နည်း။

လေဖြတ်ခြင်းကို ကာကွယ်နိုင်ရန်အတွက် လေဖြတ်စေသော အကြောင်းတရားများကိုရှာဖွေ၍ ဆောလျင်စွာ ကုသခြင်းသည် အဓိကအရေးကြီးဆုံး၊ အမှန်ကန်ဆုံးနှင့် အကောင်းဆုံးလည်းဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များအရ လေဖြတ်စေသောအကြောင်းတရားများကို ရှာဖွေကုသခြင်းဖြင့် လေဖြတ်ခြင်းကို ၈၀ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်ပါသည်။

လေဖြတ်စေသောအကြောင်းတရားများမှာ-

၁။ ပြုပြင်ပြောင်းလဲ၍မရသောအကြောင်းများတွင်

(က) အသက်ကြီးလာခြင်း၊
(ခ) အမျိုးသားဖြစ်ခြင်း၊
(ဂ) လူမျိုးအရ လူမည်းနှင့် အာရှတိုက်သားတို့တွင် ပိုဖြစ်ခြင်း၊
(ဃ) မိဘမျိုးရိုးတွင် လေဖြတ်ရောဂါနှင့် နှလုံးရောဂါရှိခြင်း၊
(င) ယခင်က လေဖြတ်၊ လေဖြန်း၊ နှလုံးသွေးကြောပိတ်ဖူးခြင်း၊

(၂) ပြုပြင်ပြောင်းလဲ၍ရသော အကြောင်းများ

(က) သွေးတိုးရောဂါရှိခြင်း၊
(ခ) နှလုံးရောဂါရှိခြင်း၊
(ဂ) လည်ပင်းသွေးလွှတ်ကြောမကြီး ထူခြင်း၊ ကျဉ်းခြင်း၊
(ဃ) ဆေးလိပ်သောက်ခြင်း၊
(င) သွေးအတွင်းအဆီဓာတ်များခြင်း၊
(စ) ဆီးချို၊ သွေးချိုရောဂါရှိခြင်း၊
(ဆ) အဝလွန်ခြင်း၊
(ဇ) အရက်အလွန်အကျွံသောက်သုံးခြင်း၊
(ဈ) ခန္ဓာကိုယ်လှုပ်ရှားမှုနည်းခြင်းနှင့် စိတ်ဖိစီးမှုများခြင်းတို့ဖြစ်ပါသည်။

လေဖြတ်စေသော အထက်ပါအကြောင်းအရာ နှစ်မျိုးတွင် ပြုပြင်ပြောင်းလဲ၍ရသောအကြောင်းများကို အဓိကထား၍ ကြိုတင်ကာကွယ်မှု၊ ကုသမှုများ ပြုလုပ်ထားခြင်းဖြင့် လေဖြတ်ရောဂါကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာများထဲမှ သွေးတိုးရောဂါသည် လေဖြတ်ခြင်းကို အဓိကဖြစ်စေနိုင်သော အရေးကြီးသည့် အကြောင်းတရားတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ၎င်းကို ရှာဖွေ၍ကုသခြင်း၊ မဖြစ်ပွားအောင် ကာကွယ်ခြင်းတို့သည် လေဖြတ်ရောဂါကိုကာကွယ်သည့် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

သွေးတိုးရောဂါမဖြစ်ပွားစေရန်အတွက်

(၁) အထက်တွင်ဖော်ပြထားသော အငန်လွန်ကဲသည့် အစားအစာများကို ရှောင်ကြဉ်ခြင်း။
(၂) နေ့စဉ်ချက်ပြုတ်စားသောက်သည့် အစားအစာများထဲတွင် ဆားကို သင့်တင့်မျှတရုံထည့်၍ စားခြင်း၊
(၃) ကိုယ်လက်လှုပ်ရှားမှုနှင့် လေ့ကျင့်ခန်းများကို မှန်မှန်လုပ်ခြင်း၊
(၄) စိတ်ဖိစီးမှုများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ခြင်း စသည်တို့ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူတစ်ဦးသည် တစ်နေ့လျှင်အငန်ဓာတ် ငါးဂရမ်နှင့်အောက် စားရန် အကြံပြုထားပါသည်။

အချုပ်အားဖြင့်ဆိုသော် နာတာရှည်မသန်မစွမ်းဖြစ်ကျန်ရစ်စေမည့်လေဖြတ်ခြင်းရောဂါကို ဖြစ်ပွားစေသော အဓိကတရားခံ သွေးတိုးရောဂါကို မဖြစ်ပွားအောင် ကာကွယ်ခြင်း၊ ယခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ **“သွေးမတိုးအောင် သတိဆောင်၊ ကိုယ်လက်လှုပ်ရှား၊ မျှအောင်စား”** ဟူသော ဆောင်ပုဒ်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ခြင်း၊ သွေးတိုးရောဂါကို သတိထားရှာဖွေကုသခြင်းများကိုပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် မသန်စွမ်းခြင်း ဒုက္ခမှကင်းဝေးပြီး ကျန်းမာခြင်းသုခနှင့် ပြည့်စုံနိုင်ကြမည်ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် ဧပြီလ ၇ ရက်နေ့တွင် ကျရောက်သည့် **“ကမ္ဘာ့ကျန်းမာရေးနေ့”** ကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

မိတ္ထီလာမြို့ ရွှေဆိုင်အမှု စတင်စစ်ဆေး

မိတ္ထီလာ မေ ၆

မိတ္ထီလာမြို့တွင် မတ် ၂၀ ရက်က ပဋိပက္ခစတင်ဖြစ်ပွားခဲ့သော မိတ္ထီလာမြို့ ဈေးအရှေ့ဘက်ရှိ နယူးဝိန့်စိန် ရွှေဆိုင်တွင် ဆိုင်ရှင်မိသားစုနှင့် ရွှေဆံကုပ်ရောင်းသူ မိသားစုတို့ အချင်းများပြီး ကိုယ်ထိလက်ရောက် ရိုက်နှက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရွှေရောင်းချသူ ပေါက်ပြဒဏ်ရာတစ်ချက်၊ မျက်နှာဖူးရောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် အမှတ် (၂) ရဲစခန်းက (ပ) ၇၄/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၅/၄၂၇/၁၁၄ ဖြင့် အမှုဖွင့်ပြီး ဆိုင်ရှင်အပါအဝင် သုံးဦးအား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

မေ ၅ ရက်က မိတ္ထီလာမြို့ အမှတ် (၂) ရဲစခန်းက (ပ) ၇၄/၂၀၁၃၊ ပုဒ်မ ၃၈၂/၃၂၅/၃၂၄/၃၂၃/၁၁၄ ဖြင့် အမှုဖွင့်အရေးယူထားသော တရားခံများဖြစ်ကြသည့် ရွှေဆိုင်ပိုင်ရှင်မိသားစု သုံးဦးတို့အား မိတ္ထီလာမြို့နယ် တရားသူကြီး ဒေါ်ခင်စန်းဝင်း၏ရုံးတွင် ပြစ်မှုကြီးအမှတ် ၁၁၇၈/၂၀၁၃ ဖြင့် တရားစွဲတင်ပို့ခဲ့သည်။ တရားခံပြေးကျော်စိန်မြင့်ကိုလည်း တရားစွဲဆိုထားသည်။ တရားခံများအား ရုံးထုတ်ရာတွင် လူအများ စိတ်ဝင်တစားလာရောက်ကြည့်ရှုကြပြီး တရားရုံးမှ တရားခံများအား မေ ၈ ရက်တွင် ရုံးချိန်းထပ်မံချိန်းဆိုလိုက်ကြောင်းသိရသည်။ **တင်လှိုင် (မိတ္ထီလာ)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၃ (တနင်္လာနေ့)

၅း၄၀	“မိဘကျေးဇူး”တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒ)		“မင်းမရှိလို့မဖြစ်” (အပိုင်း-၂၈)
၁၁း၀၀	Myanmar Cooking Master (Third Season)(Round-2) (Part-12)	၇း၁၀	Style ရှိမှ Star ဖြစ်မယ်
		၈း၁၅	MRTV-4 မြန်မာ့ရိုးရာသကြန်
၁၂း၀၅	ဓလေ့ရိုးရာမမေ့သာ	၁၀း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေညင်းလေးရဲ့ ပျော်ရွှင်မှု” (အပိုင်း-၇၂)
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ		

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	Liverpool - West Ham	(ESPN)
၈း၃၀	Chelsea - Sunderland	(Star Sports)(MRTV-4)
၉း၄၀	QPR - Wigan	(ESPN)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄း၃၀	Celta Vigo - Vallecano	(Fox Sports)

လှော်ကားဥယျာဉ်မဟာသင်္ကြန်ရက်တွင် ပိတ်မည်

နေပြည်တော် မေ ၆

လှော်ကားသဘာဝဥယျာဉ်ကို နေ့စဉ်ပုံမှန်ဖွင့်လှစ်ထားသော်လည်း ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိမဟာသင်္ကြန်ရက်များတွင် ဥယျာဉ်ပိတ်၍ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း တစ်ရက်နေ့)တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၆)သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ ကျင်းပ

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့် ညစာသုံးဆောင်အပြီးတွင် ကပွဲခန်းမ၌ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ကျောင်းဆင်းအရာရှိများနှင့်အတူ အနုပညာရှင်တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၆

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၆) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို မေ ၅ ရက် ညနေ ၆ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်နယ်မှူးများနှင့်အရာရှိကြီးများ၊ ဗထူးတပ်မြို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်အပြီးတွင် ကပွဲခန်းမ၌ မြဝတီတေးဂီတအဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့နှင့်အတူ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ကျောင်းဆင်းအရာရှိများနှင့် အနုပညာရှင်တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၃ (တနင်္လာနေ့)

၇း၀၃	တရားတော်	၅း၂၀	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၇း၄၀	သာယာသီကြွေးခေတ်ဆန်းတေး	၆း၁၀	ဘဝကြေးမုံ
၇း၅၅	မြန်မာသကြ်န်	၆း၂၃	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၈း၁၀	မြန်မာစာ မြန်မာစကား(၁၀)	၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာထက်က ဖန်ရဲတိုက် (အပိုင်း-၄၁)
၁၁း၂၉	ကာတွန်းအစီအစဉ် -အမှန်တရားရဲ့ ရှိဘော့ဗ္ဗီ (အပိုင်း-၆)	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း ပဟေဠိနန်းတော် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -Behind Enemy Line(2) (အပိုင်း-၂) (ဇာတ်သိမ်း)
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ခဲတံလေးနဲ့ ရေးသီသောချစ်ခြင်း		
၁း၃၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ ချစ်သူ (အပိုင်း-၃၆)		

အင်ဒိုနီးရှားနိုင်ငံ မီဒန်းမြို့ လူဝင်မှုထိန်းသိမ်းရေးစခန်းတွင် ခိုက်ရန်ဖြစ်ပွား၊ မြန်မာရှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ရန်ကုန် မေ ၆

အင်ဒိုနီးရှားနိုင်ငံ မီဒန်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင် မေ ၅ ရက် နံနက်က ရိုဟင်ဂျာဆိုသူအချို့နှင့် မြန်မာဒုက္ခသည် ၁၂ ဦးတို့ ခိုက်ရန်ဖြစ်ပွားခဲ့ရာ မြန်မာရှစ်ဦးသေဆုံးပြီး နှစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၌ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး Mr.Sebastianus Sumarsono အား ခေါ်ယူတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဦးသန့်ကျော်က မီဒန်း၌ ဖြစ်ပွားခဲ့သော အကြမ်းဖက် ခိုက်ရန်ဖြစ်ပွားမှုတွင် မြန်မာနိုင်ငံသားများ အသက်ဆုံးရှုံးရသည့်အတွက် မြန်မာအစိုးရအနေဖြင့် အထူးစိုးရိမ်ပူပန်မိကြောင်း၊ ဤကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်ရပ်မှန်ကို အမြန်ဆုံးဖော်ထုတ်ပေးရန်၊ ပြစ်မှုကျူးလွန်သူများအား အရေးယူပေးရန်နှင့် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လုံခြုံရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်ပေးရန် အင်ဒိုနီးရှားအစိုးရအား တောင်းဆိုကြောင်း ပြောကြားပြီး သတိထောက်လွှာကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

မြန်မာ့ဆက်သွယ်ရေးကွန်ရက် မြှင့်တင်မှုစီမံချက်များ အားချင်းဆောင်ရွက်

ရမည်းသင်း မေ ၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဆက်သွယ်ရေးဌာနသို့ မေ ၆ ရက် နံနက် ၁၀ နာရီတွင် Japan International Cooperative Agency (JICA) ၏ တယ်လီဖုန်း ဆက်သွယ်ရေး ကွန်ရက်မြှင့်တင်မှု စီမံချက် (Soft Loar Project) Site Survey Team မှတာဝန်ရှိဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရန် ရောက်ရှိ၍ ရန်ကုန် မြို့ အခြေစိုက်ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးတွဲဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် မြန်မာ့ဆားဗေးသုတေသန (MSR) အဖွဲ့မှ ဦးသူရဝင်း ဦးဆောင်သော အဖွဲ့သည် ဂျပန်အစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်မည့် Improvement of Communication Net Works (Soft Loar Project) စီမံကိန်း အတွက် လိုအပ်သော ကွင်းဆင်း သုတေသန လေ့လာမှုကို ဆောင်ရွက်ရန် ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ Survey Team အတွက် လိုအပ်သော မြို့နယ်များနှင့် ပတ်သက်သည့် Township Profiles နှင့် အဆောက်အအုံစာရင်းများကို ရမည်းသင်းခရိုင် ဆက်သွယ်ရေး တာဝန်ခံ ဦးညိုမောင်နှင့် မိုက်ကရို တာဝန်ခံ ဦးခင်မောင်သန်းတို့မှ အသေးစိတ်ရှင်းပြ၍ စာရင်းဇယားများပြုစုပေးကြောင်း သိရသည်။

တန်ဖိုးနည်း တယ်လီဖုန်းများ ဆက်သွယ်ရေးကွန်ရက် ကောင်းမွန်တိုးတက်စေရန် အမြန်အကောင်အထည်ဖော်၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်နှင့်အညီ လူတိုင်းစေ့တန်ဖိုးနည်း တယ်လီဖုန်းအသုံးပြုနိုင်ရန် စေတနာမေတ္တာကြီးမားစွာ စီစဉ်ဆောင်ရွက်ပေးသည့် နိုင်ငံတော်သမ္မတကြီးအား ရဟန်းရှင်လူပြည်သူများမှ ကျေးဇူးတင်၍ ဝမ်းသာပီတိဖြစ်ကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

တနင်္သာရီတိုင်းဒေသကြီးနယ်မြေ မြန်မာ-ထိုင်းနယ်စပ် အနီးတစ်နေရာတွင် ပစ်ခတ်မှုအနည်းငယ်ဖြစ်ပွား

နေပြည်တော် မေ ၆

မေ ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးနယ်မြေ မြန်မာ-ထိုင်းနယ်စပ် အနီးတစ်နေရာ၌ မိမိတပ်မတော်နယ်စပ်ဒေသလုံခြုံရေးအဖွဲ့တစ်ဖွဲ့နှင့်စိစစ်ဆဲ အဖွဲ့တစ်ဖွဲ့ ရုတ်တရက်တွေ့ဆုံ၍ ပစ်ခတ်မှုအနည်းငယ်ဖြစ်ပွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုမရှိကြောင်းနှင့် နယ်မြေခံစစ်ကြောင်းများဖြင့် ရှင်းလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းအတိုအထွာ ပတ်ဝန်းကျင်

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သရက်ကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်၏ မိန့်ကြားချက်နှင့်အညီ စျေးရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစီး၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို မတ် ၂၆ ရက်မှ မေ ၄ ရက်အထိ ဖွင့်လှစ်ရာ သင်ကြားရေး ဆရာတော်ငါးပါးနှင့် ဆရာမနှစ်ဦးတို့က ဗုဒ္ဓ၏ဆုံးမဩဝါဒအတိုင်း ပို့ချသင်ကြားခဲ့သည်။ (၅၃၁)

\- - - - - - -

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်း

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာတွင် မြတ်မင်္ဂလာ နွေရာသီအခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲကို မေ ၅ ရက်တွင် ကျင်းပရာ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ မြန်မာစာဘာသာ၊ အင်္ဂလိပ်စာဘာသာနှင့် စကားပြောစွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိကြသည့် ကျောင်းသား ကျောင်းသူများအား အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကိုနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ (၅၈၀)

\- - - - - - -

ကျေးလက်ဖွံ့ဖြိုးရေးကျောင်းဆောင်သစ်ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် ဂျပန်အစိုးရနှင့် ပြည်သူများက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၅ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပရာ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို JEC ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်ကျော်ဦးက မြို့နယ်ပညာရေးမှူး ဦးခင်အောင်မြင့်သို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၈၀၊ အနံပေ ၃၀ ရှိကြောင်း သိရသည်။ (၅၂၇)

\- - - - - - -

ရွှေကျင်မြို့နယ် ကံဘေးအိုင်ကျေးရွာအုပ်စုတွင် စမ်းသပ်သန်းခေါင်စာရင်းကောက်

ပဲခူးခရိုင် ရွှေကျင်မြို့နယ် ကံဘေးအိုင်ကျေးရွာအုပ်စုတွင် မတ် ၃၀ ရက်မှစ၍ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေး(တိုင်းဒေသကြီး လဝက ဦးစီးမှူး) နှင့် ခရိုင်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး(ခရိုင်လဝက ဦးစီးမှူး)တို့က သန်းခေါင်စာရင်းကော်မတီဝင်များ၊ စာရင်းစစ် စာရင်းကောက် ဆရာ ဆရာမများအား တွေ့ဆုံပြီး စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

\- - - - - - -

လျှပ်စစ်ဓာတ်အားလိုင်းကောင်းမွန်ရေးဆောင်ရွက်

မိုးကောင်းမြို့နယ် နမ္မတီးမြို့၌ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဗို့အားပြည့်မီစွာ အသုံးပြုနိုင်ရေးအတွက် ကွန်ကရစ်ဓာတ်တိုင်၊ သံတိုင်၊ ကြေးဓာတ်ကြိုးများဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး(နမ္မတီး)ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းပြီးစီးပြီဖြစ်၍ ဓာတ်အားလိုင်းကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ (၄၉၉)

\- - - - - - -

မူလတန်းကြိုကျောင်း ကျောင်းဆင်းပွဲကျင်းပ

ရန်ကုန်မြို့ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန တောင်ဒဂုံမူလတန်းကြိုကျောင်းတွင် ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲကို မေ ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား ကျောင်းသူများအား ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ချီးမြှင့်ပြီး တက်ရောက်လာကြသော ဧည့်ပရိတ်သတ်များကို ကျောင်းသား၊ ကျောင်းသူများမှ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သော်ဇင်ထက်)**

\- - - - - - -

ရာစုဥဒါန်းစာကြည့်တိုက်သို့ စက်ရေတွင်းလှူဒါန်း

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ ရာစုဥဒါန်းစာကြည့်တိုက်စိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေရရှိရေးအတွက် အလှူရှင်ဦးမြင့်ဦး(ဥက္ကဋ္ဌ-နေလအထွေထွေထုတ်လုပ်ရေးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်)မှ စက်ရေတွင်းတစ်တွင်း လှူဒါန်းရာ မတ် ၂၀ ရက် နံနက်က စာကြည့်တိုက်ဝင်းအတွင်း တူးဖော်နေကြောင်း သိရသည်။ (၆၀၈)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Daily သတင်းစာ နိုင်ငံတကာသတင်းဌာနမှ သတင်းထောက် Ms. Li Xiaokun အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

☆ **နိုင်ငံတော်သမ္မတမှ**

တရုတ်နိုင်ငံ China Nonferrous Metal Mining Group Co.,Ltd. အကြီးအကဲ Mr. Luo Tao အား MGM Grand ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ တကောင်းတောင်ဒေသ၌ နီကယ်သတ္တုတူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု၊ အကျိုးအမြတ်ခွဲဝေရာတွင် စီမံကိန်းစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်မည့် အခြေအနေ၊ သတ္တုတူးဖော်ရာတွင် နည်းပညာမြင့်တင်ဆောင်ရွက်မည့်အခြေအနေ၊ စီမံကိန်းတွင် မြန်မာပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများကို အဓိကထားခန့်ထားဆောင်ရွက်ရေး၊ စီမံကိန်းဆောင်ရွက်ရာတွင် နိုင်ငံတော်၊ ရင်းနှီးမြှုပ်နှံသူနှင့် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းရေး၊ စီမံကိန်းဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေးနှင့် လူမှုရေးဆိုင်ရာလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကုမ္ပဏီက ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်အကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး ဟိုင်နန်-ရန်ကုန်လေကြောင်းလိုင်း ဖွင့်လှစ်နိုင်ရေး စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Luo Bao Ming အား ယနေ့နံနက် ၁၀ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းယမြို့ရှိ ခေတ္တ တည်းခိုသည့် MGM Grand ဟိုတယ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးသန်းဌေး၊ ဒေါက်တာမြင့်အောင်နှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ သံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့်အတူ အာရှဒေသဆိုင်ရာ တရုတ်နိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာ ဝမ်ယင်ဖန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ယန်ဟိုလန်၊ ဟိုင်နန်ပြည်နယ်အစိုးရအဖွဲ့မှ ဌာနအကြီးအကဲများနှင့် စန်းယမြို့ မြို့တော်ဝန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ ဟိုင်နန်ပြည်နယ်တွင် ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်နေမှု၊ အီလက်ထရွန်နစ်နှင့် Soft Ware လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာမှုများ၊ ဟိုင်နန်ပြည်နယ်၏ ထူးခြားအောင်မြင်နေသော စိုက်ပျိုးရေးအခြေအနေများ၊ ဟိုင်နန်ပြည်နယ်၏ လူဦးရေနှင့် ဝင်ငွေရရှိအောင်ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ် ဖော်ဆောင်နေမှုအခြေအနေများ၊ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးနေမှုနှင့် ကျေးလက်နေပြည်သူများအတွက် အသေးစားငွေကြေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံသည် ရေမြေရာသီဥတု သင်တင့်မျှတသဖြင့် အရည်အသွေးမြင့်မားသည့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် တိုးမြှင့်လုပ်ဆောင်နေမှုအခြေအနေများကို ဆွေးနွေးရှင်းလင်းပြောကြားကြပြီး မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်တို့သည် မဝေးကွာသောခရီးမျှသာဖြစ်၍ မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်အကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်နန်-ရန်ကုန် လေကြောင်းလိုင်းဖွင့်လှစ်နိုင်ရေးနှင့် ရန်ကုန်မြို့နှင့် စန်းယမြို့ကို ညီအစ်မမြို့တော်အဖြစ်သတ်မှတ်ရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်နန်ပြည်နယ်မှထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာများကို မြန်မာနိုင်ငံသို့ လာရောက်မိတ်ဆက်ခင်းကျင်းပြသရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ထွက်ကုန်နှင့် သစ်တောထွက် ပစ္စည်းများအား တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhang Xiaoqin အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့

နေပြည်တော် မေ ၆

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ယနေ့ပြောကြားခဲ့သည်။

ယနေ့ ညနေ ၃ နာရီတွင် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးကအဆိုပါဥပဒေကြမ်းကို နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့်တွေ့ဆုံဆွေးနွေးခဲ့မှု အခြေအနေများ၊ ပြည်တွင်းရှိ စာနယ်ဇင်းအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ ဥပဒေကြမ်းပါ အချက်အလက်များနှင့် နိုင်ငံတကာစံနှုန်းများ နှိုင်းယှဉ်တွေ့ရှိမှုများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ထပ်မံအကြံပြုတင်ပြမည့်အချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးတို့က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဖြည့်စွက်ပြင်ဆင်ချက်များ၊ အကြံပြုချက်များကို သတ်မှတ်ရက်အတွင်း ပေးပို့တင်ပြသွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

○ ကျောဖုံးမှ

အက်ရှ်လေကိုးလ်သည် နည်းပြ အဲရစ်ဆင်၏ လက်ထက် ၎င်း၏အသက် (၂၀)အရွယ်ဖြစ်သည့် ၂၀၀၁ ခုနှစ် မတ်လတွင် အင်္ဂလန်အသင်းနှင့် အယ်လ်ဘေးနီးယားတို့ပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် စတင်ကစားခဲ့သူဖြစ်ပြီး ထိုအချိန်မှစ၍ ဘောလုံးသမားဘဝကို တိုးတက်အောင် အမြန်ဆုံးစွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းတွင် ပထမဦးစားပေးအဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။

ဖေဖော်ဝါရီလက အင်္ဂလန်အသင်းအတွက် ပွဲ ၁၀၀ ပြည့်ခဲ့၍ ပီအက်ဖ်အေက အထူးဆုချီးမြှင့်ခဲ့သော အက်ရှ်လေကိုးလ်သည် ပြီးခဲ့သည့်လက မွန်တီနီဂရိုးနှင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည့် ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွင် အင်္ဂလန်အသင်းအတွက် ပါဝင်ကစားခဲ့သည့် ပွဲပေါင်း ၁၀၁ ပွဲအထိ ရှိလာခဲ့ပြီဖြစ်သည်။

ပွဲ ၁၀၀ ပြည့်အထိမ်းအမှတ်အထူးဆုကိုမူ ပီအက်ဖ်အေ၏ လက်ထောက်အမှုဆောင်အရာရှိ ဘော်ဘီဘားနက်စ်က ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

နဂါးနှင့်ဆင် နေပြည်တော်မှာတွေ့ကြမယ့်ပွဲ

သတင်းမှတ်စု
ဇော်မင်းအောင်

နေပြည်တော် မေ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော (MNL)မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (အဌမမြောက်) ပွဲကို မေ ၇ ရက်တွင် နေပြည်တော်(ပေါင်းလောင်း)ဘောလုံးကွင်းကြီး၌ ညနေ ၆ နာရီတွင် ဇေယျာရွှေမြေF.C ဘောလုံးအသင်းနှင့် နေပြည်တော် F.C ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဇေယျာရွှေမြေအသင်းအနေဖြင့် ပထမအကျော့ပွဲစဉ်ခုနစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရာ Southern အသင်းကို (၂-၀)၊ ရန်ကုန်ယူနိုက်တက်အသင်းကို (၁-၀)၊ ဟံသာဝတီယူနိုက်တက်ကို (၁-၀)၊ ရခိုင်ယူနိုက်တက်ကို (၆-၃)၊ ဇွဲကပင်ယူနိုက်တက်ကို (၂-၀) ဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံ F.Cကို(၀-၂)၊ မကွေး F.C ကို (၁-၃) ဖြင့် ရှုံးနိမ့်ခဲ့သည်။

ပထမအကျော့ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲအပြီးတွင် အမှတ်ပေးဇယားတွင် (၁၅)မှတ်ဖြင့် ပထမနေရာ၌ ရှိနေသော်လည်း ကမ္ဘောဇအသင်းက (၁၄)မှတ်၊ မကွေး F.C က (၁၃) မှတ်၊ ရန်ကုန်ယူနိုက်တက် အသင်းက (၁၂)မှတ်၊ နေပြည်တော် F.C က (၁၁)မှတ်ဖြင့် အသီးသီး ရပ်တည်နေသည်။

ဇေယျာရွှေမြေ အသင်းတွင် ပြည်ပအားကစားသမားများမှာ ဆာဆာ(ဆားဗီးယား)၊ ချူကွာဇူ (နိုင်ဂျီးရီးယား)၊ မာတင်(ကင်မရွန်း)၊ မာဆာကီ(ဂျပန်)တို့ ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးစိုးမိုးက တာဝန်ယူထားသည်။

နေပြည်တော် F.C အနေဖြင့်လည်း ခုနစ်ပွဲယှဉ်ပြိုင်ကစားပြီးဖြစ်ရာ မကွေး F.C နှင့် (၁-၁)၊ ရောဝတီယူနိုက်တက်နှင့် (၁-၁)၊ ဟံသာဝတီယူနိုက်တက်ကို (၃-၂)၊ မနော်မြေ F.C ကို (၂-၁)၊ ဇွဲကပင်ယူနိုက်တက်ကို (၂-၁)ဖြင့် အနိုင်ရရှိကာ ရန်ကုန်ယူနိုက်တက်ကို (၀-၂)၊ ကမ္ဘောဇ FC ကို (၀-၂)ဖြင့် ရှုံးနိမ့်ထားပြီး အဆင့်(၅)နေရာ၌ ရပ်တည်လျက်ရှိသည်။

နေပြည်တော် F.C တွင် ပါဝင်သော ပြည်ပအားကစားသမားများမှာ ဂျောင်(ကိုရီးယား)၊ စီစီ (ကင်မရွန်း)၊ မာရှယ် (ထရီနီဒက်)၊ တိုနေး (အိုင်ဗရီကို့စ်)တို့ ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ဆောင်ရွက်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ တစ်သင်းနှင့်တစ်သင်း ရမှတ်ကွာဟမှုမှာကျဉ်းမြောင်းနေ၍ ဇေယျာရွှေမြေ F.Cနှင့် နေပြည်တော် F.C တို့ ယှဉ်ပြိုင်ကစားမည့်ပွဲမှာ ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး



ဒေသမှ ထွက်ရှိသည့် ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖလမ်း၊ တီးတိန်နှင့် ကလေးမြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးရေး ဒေသခံပြည်သူများ၏ ထောက်ခံမှုရရှိစေရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro -Chem Corp.,Ltd.ဥက္ကဋ္ဌ Mr. Li Li အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းယမြို့ရှိ ခေတ္တတည်းခိုသည့် MGM Grand ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာ၌ ယခင်နှစ်ဖက် သဘောတူညီပြီးဖြစ်သည့် ချင်းပြည်နယ်တွင် နီကယ်သတ္တုတူးဖော်ရေးလုပ်ငန်းများကို အမြန်ဆုံးစတင်ဆောင်ရွက်ရေး၊ ယင်းဒေသမှ ထွက်ရှိသည့် ကျောက်မီးသွေးဖြင့် စီမံကိန်းအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပြီး အနီးဝန်းကျင်ရှိ ဖလမ်း၊ တီးတိန်နှင့် ကလေးမြို့နယ်များသို့လည်း ဓာတ်အားဖြန့်ဖြူးပေးရေး၊ ဒေသခံပြည်သူများ၏ ထောက်ခံမှုရရှိစေရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့အတွက် စီမံကိန်းအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ ဒေသတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ယင်းဒေသရှိ မဏိပူရ်ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ထိုဒေသတွင်ထွက်ရှိသည့် ထုံးကျောက်မှ ဘိလပ်မြေထုတ်လုပ်နိုင်ရေးတို့အတွက် လိုအပ်သည့်ကွင်းဆင်းလေ့လာဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေ ၃ နာရီ ၂၅ မိနစ်တွင် တရုတ်နိုင်ငံ CNPC Co., Ltd. အကြီးအကဲ Mr. Zhou Jipingအား MGM Grand ဟိုတယ်ဧည့်ခန်းမ၌ ဆက်လက် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် Mr. Zhou Jiping က အရှည်မိုင်ပေါင်း ၁၅၄၀ ရှိ ရခိုင်ပြည်နယ် ပဒဲကျွန်းမှ ယူနန်ပြည်နယ်သို့ ပိုက်လိုင်းသွယ်တန်းမှုမှာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNPC Co., Ltd. အကြီးအကဲ Mr. Zhou Jiping အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

၉၂ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးနေမှု၊ တည်ဆောက်ရေးလုပ်ငန်းတွင် မြန်မာလုပ်သား ၆၀၀၀ ကျော်နှင့် မြန်မာကုမ္ပဏီပေါင်း ၂၂၆ ခု တို့က ပါဝင်ဆောင်ရွက်ခဲ့မှု၊ ပိုက်လိုင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့မှု၊ တည်ဆောက်ပြီး ပိုက်လိုင်းလုံခြုံမှုနှင့် ပိုက်လိုင်းတစ်လျှောက် ဆက်သွယ်ရေးစနစ် လွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုမှု၊ ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက စီမံကိန်းဆောင်ရွက်ရာတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ စီမံကိန်းနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များမှအပ အခြားကျွမ်းကျင်ပညာရှင်များနှင့် လုပ်သားများကို ဒေသခံပြည်သူများထဲကသာ ခန့်ထား ဆောင်ရွက်ပေးစေလိုကြောင်း၊ ပိုက်လိုင်းလုံခြုံရေးအတွက် နေရာအလိုက် ဒေသခံများပါဝင်သည့် လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိမှသာ လုပ်ငန်းပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပိုက်လိုင်းတစ်လျှောက် ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး အတွက်လည်း ကုမ္ပဏီအနေဖြင့် ဆောင်ရွက်ရမည်များရှိသကဲ့သို့ မိမိတို့ဘက်ကလည်း အတတ်နိုင်ဆုံးညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကမ်းလွန်ရေနံ တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အောင်မြင်မှု ရရှိနေသည်ဟု ကြားသိရသဖြင့် လိုအပ်သည်များကို ဆက်လက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

...ငန်းပူးပေါင်းဆောင်ရွက်ရေး ...ဖွင့်လှစ်နိုင်ရေး ...ရင်းနှီးပွင့်လင်းစွာဆွေးနွေး

...ယ်၏ ထူးခြား ... စိုက်ပျိုးရေး ...နန်ပြည်နယ်၏ ...ငွေရရှိအောင် ...ခြေအနေများ၊ ...က်၍ မြန်မာ ...ရေးကဏ္ဍ ဖွံ့ဖြိုး ...က် စက်မှု ...်ဆောင်နေမှု ...င်သူများအား ...များထုတ်ချေး ...ကျေးလက်နေ ... အသေးစား ...းဆောင်ရွက် ...၊ မြန်မာ

လုပ်ဆောင်နေမှုအခြေအနေများကို ဆွေးနွေးရှင်းလင်းပြောကြားကြပြီး မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်တို့သည် မဝေးကွာသောခရီးမျှသာဖြစ်၍ မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်နန်-ရန်ကုန် လေကြောင်းလိုင်း ဖွင့်လှစ်နိုင်ရေးနှင့် ရန်ကုန်မြို့နှင့် စန်းယမြို့ကို ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်နန်ပြည်နယ်မှထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာများကို မြန်မာနိုင်ငံသို့ လာရောက်မိတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Luo Bao Ming အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အဆင့်မြင့်တင်ထုတ်လုပ်ရေးလုပ်ငန်းတွင် အသေးစားနှင့် အလတ်စားစက်ရုံများ တည်ဆောက်ပြီး လာရောက် ရင်းနှီးမြှုပ်နှံရေး၊ အသေးစားငွေကြေးလုပ်ငန်းတွင် နည်းစနစ်များ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပညာသင်များစေလွှတ်ပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက်နိုင်ငံတော်သမ္မတသည် တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhang Xiaoqin အား ဆက်လက်လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ရေနက်ဆိပ်ကမ်းများနှင့် အထူးစီးပွားရေးဇုန်များ တည်ဆောက်လုပ်ကိုင်နေမှုအခြေအနေများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ကွမ်ရှီးကျွမ်းဒေသမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လေ့လာရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် နန်နင်း-ရန်ကုန် လေကြောင်းလိုင်း ပုံမှန်ပြေးဆွဲရေး၊ လာမည့်စက်တင်ဘာလတွင် ကွမ်ရှီးကျွမ်းဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ယခင်နှစ်များကဲ့သို့ပူးပေါင်းပါဝင် တက်ရောက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဆက်ဆံရေးတွင် နန်နင်းမြို့သည် အဓိကနေရာမှပါဝင်နေမှုအခြေအနေများနှင့် နန်နင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro - Chem Corp.,Ltd.ဥက္ကဋ္ဌ Mr. Li Li အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

...မ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး ...ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhang ...က်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

...မြေ ရာသီဥတု ...အရည်အသွေး ...က်ပျိုးသီးနှံများ ...အောင် တိုးမြှင့်

ခင်းကျင်းပြသရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ထွက်ကုန်နှင့် သစ်တောထွက် ပစ္စည်းများအား တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ်

CVT-Myanmar အခမဲ့အသက်မွေးမှုအတတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၆

CVT- Myanmar သင်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ကျင်းပကြောင်းသိရသည်။

အခမ်းအနားတွင် သင်တန်း(၆)မျိုးမှ သင်တန်းသား ၁၂၀ ဦးအား CVT-Myanmar ဒါရိုက်တာ ဒေါ်ယဉ်ယဉ်အေးနှင့် တာဝန်ရှိသူများက အောင်လက်မှတ်များနှင့် ထူးချွန်ဆုများ ချီးမြှင့်ကြသည်။

လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသော မြန်မာလူငယ်များအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ၊ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေလိုသော ရည်ရွယ်ချက်ဖြင့် Center For Vocational Training /CVT ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

CVT ရှိ သင်တန်းအားလုံးသည် မြန်မာလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ၊ အသိပညာ၊ အတတ်ပညာများကို စာတွေ့လက်တွေ့ တစ်ပြိုင်တည်း သင်ကြားပို့ချပေးနေခြင်းဖြစ်ပြီး သင်တန်းစရိတ်ပေးရန်မလိုဘဲ စီးပွားရေးပညာ အထောက်အကူပြုသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှုပညာသင်တန်း၊ ပရိဘောဂပြုလုပ်မှုအတတ်ပညာသင်တန်း၊ ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာ အတတ်ပညာသင်တန်း၊ သတ္တုပစ္စည်း ထုတ်လုပ်မှုအတတ်ပညာသင်တန်းနှင့် အသက်မွေးမှုအကြိုသင်တန်းများကို သင်ယူနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

...ကြမယ့်ပွဲ

သတင်းမှတ်စု ဇော်မင်းအောင်

...ပေးဇယားတွင် ...နေရာ၌ ရှိနေ ...ဇအသင်းက ...F.C က (၁၃) ...က် အသင်းက ...တာ် F.C က ...းသီး ရပ်တည်

(၀-၂)၊ ကမ္ဘောဇ FC ကို (၀-၂)ဖြင့် ရှုံးနိမ့်ထားပြီး အဆင့်(၅)နေရာ၌ ရပ်တည်လျက်ရှိသည်။

နေပြည်တော် F.C တွင် ပါဝင်သော ပြည်ပအားကစားသမားများမှာ ဂျောင်(ကိုရီးယား)၊ စီစီ(ကင်မရွန်း)၊ မာရှယ် (ထရီနီဒက်)၊ တိုနေး (အိုင်ဗရီကို့စ်)တို့ ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ဆောင်ရွက်လျက်ရှိသည်။

...အသင်းတွင် ...သမားများမှာ ...း)၊ ချူကွာဇူ ...င်(ကင်မရွန်း)၊ ...ဖြစ်ပြီး နည်းပြ ...၁ တာဝန်ယူ

...C အနေဖြင့် ...ယှဉ်ပြိုင်ကစား ...C နှင့် (၁-၁)၊ ...က်နှင့် (၁-၁)၊ ...က်ကို (၃-၂)၊ ...၂-၁)၊ ဖွဲ့ကပင် ...၁)ဖြင့် အနိုင် ...ယူနိုက်တက်ကို

မည်သို့ပင်ဆိုစေ တစ်သင်းနှင့်တစ်သင်း ရမှတ်ကွာဟမှုမှာကျဉ်းမြောင်းနေ၍ ဇေယျာရွှေမြေ F.Cနှင့် နေပြည်တော် F.C တို့ ယှဉ်ပြိုင်ကစားမည့်ပွဲမှာ ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

စာအုပ်စာပေ လူ့မိတ်ဆွေ

ကိုရီးယား-မြန်မာ ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့်ကိုရီးယားနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့ပူးပေါင်း၍ 2013 KOREA-MYANMAR Ocean Forum ကို မေ ၃ ရက်တွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံမှ ပညာရှင်များက ကိုရီးယား-မြန်မာနှစ်နိုင်ငံအကြား ရေကြောင်းဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို စာတမ်းများတင်သွင်းဖတ်ကြားဆွေးနွေးကြသည်။

ထို့အတူ မေ ၃ ရက်နံနက်ပိုင်းကလည်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပင်မဆောင်၌ ကိုရီးယား- မြန်မာရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေး Korea-Myanmar Ocean Research Center ရုံးခန်းဖွင့်ပွဲကိုကျင်းပခဲ့သည်။

အဆိုပါ Ocean Research Center ဖွင့်လှစ်ခြင်းဖြင့် ကိုရီးယား-မြန်မာနှစ်နိုင်ငံအကြား ရေကြောင်းဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အာရှ-ပစိဖိတ်ဒေသအတွင်း စံနမူနာပြု ရေကြောင်းမူဝါဒများချမှတ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(ရေကြောင်းပညာတက္ကသိုလ်)

ရထားစက်ခေါင်းနှင့် လူစီးတွဲများ ရောက်ရှိလာ

ရန်ကုန် မေ ၆

ရန်ကုန်မြို့ရှိ ဆူးလေဆိပ်ကမ်းသို့ ရထားစက်ခေါင်းနှင့် လူစီးတွဲများ ပင်လယ်ရေကြောင်းမှ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါရောက်ရှိလာသော လူစီးတွဲနှစ်တွဲကို မေ ၄ ရက်တွင် သင်္ဘောမှချကာ ရွှေ့ပြောင်းသယ်ဆောင်နိုင်ခဲ့ပြီး မေ ၅ ရက်တွင် BDUEZ (AC) 12694, BDUEZ (AC) 12322, BDUEZ(AC) 12321 စသော လူစီးတွဲသုံးတွဲနှင့် DF- 1360, DF-1367 စသော စက်ခေါင်းတွဲများကို သင်္ဘောမှချကာ ရွှေ့ပြောင်းနိုင်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ထိုလူစီးတွဲနှင့် ရထားစက်ခေါင်းများကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းရှိ မာန်အောင်သင်္ဘောဖြင့် အိန္ဒိယမှ သယ်ဆောင်လာခြင်းဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

(၆၈၀)

မြန်မာ့ယဉ်ကျေးမှုသကြၤန်

- ❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြၤန်ဖြင့်မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စမ်းသပ်သန်းခေါင်စာရင်းကောက်ယူ

ရန်ကုန် မေ ၆

စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေသော ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၅)ရပ်ကွက်တွင် စမ်းသပ်သန်းခေါင်စာရင်း ရပ်ကွက်ကော်မတီရုံး ဖွင့်လှစ်ထားရာ (၁၁)လမ်း အမှတ် (၆၄) သို့ မေ ၅ ရက် နံနက် ၉ နာရီတွင် အီးယူရွေးကောက်ပွဲ အထောက်အကူပြုအဖွဲ့ EU-EST မှ ကျွမ်းကျင်သူနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းတို့ ရောက်ရှိလာပြီး စာရင်းစစ်စာရင်းကောက်ပညာရေး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

ထို့နောက် (၁၁)လမ်းအတွင်းရှိ ကောက်ကွက် အမှတ်(၅)မှ အမှတ် (၅၃) မြေညီထပ်နှင့် လှည်းတန်းလမ်းရှိ ကောက်ကွက်အမှတ် (၃၀) မြေညီထပ်တို့တွင် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုနှင့် ရွေးကောက်ပွဲမဲဆန္ဒရှင် စာရင်းပြုစုခြင်းတို့ ဆက်စပ်မှုနှင့် ပတ်သက်ပြီး ပြည်သူများ၏ အမြင်များကိုပါ မေးမြန်းမှတ်သားခဲ့ကြောင်း သိရသည်။

ယင်းနောက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသည့် ရွှေပြည်သာမြို့နယ် အမှတ် (၁၀) သို့လည်း ဆက်လက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မောင်စေအောင်)**

မိတ္ထီလာကယ်ဆယ်ရေးစခန်းမှ မိသားစုဝင်များအား မီးလောင်ပျက်စီးသွားသည့် နေအိမ်များသို့ သွားရောက်ကြည့်ရှုခွင့်ပြု

မိတ္ထီလာ မေ ၆

မိတ္ထီလာမြို့ ယာယီဒုက္ခသည်ကယ်ဆယ်ရေးစခန်းများရှိ မိသားစုဝင်များအား မီးလောင်ပျက်စီးသွားသည့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများကို အလှည့်ကျစနစ်ဖြင့် စနစ်တကျ ပြန်လည်ကြည့်ရှုခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ထိုသို့ ခွင့်ပြုလျက်ရှိရာတွင် မေ ၆ ရက် နံနက်ပိုင်းတွင် ခရိုင်အားကစားကွင်း ယာယီဒုက္ခသည် ကယ်ဆယ်ရေးစခန်းမှ မိသားစု ၁၄၀ အား မိသားစုတစ်စုလျှင် နှစ်ဦး ခွင့်ပြု၍ မိသားစုဝင်စုစုပေါင်း ၂၈၀ အား သီရိမင်္ဂလာရပ်ကွက်ရှိ မီးလောင်ပျက်စီးသွားသည့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများကို ပြန်လည်ကြည့်ရှုစစ်ဆေးခွင့်ပြုကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါမိသားစုဝင်များ၏ နေအိမ်အဆောက်အအုံများ ပြန်လည်ကြည့်ရှုစစ်ဆေးသည့် လမ်းတစ်လျှောက်နှင့် နေအိမ်ရပ်ကွက်ဧရိယာများတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်လုံခြုံရေး တပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ယူဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

လက်ဖက်ရည်ကြမ်း

❖ ဘိုးဘွားစဉ်ဆက်၊ တို့လက်ထက်ထိ
လက်ဖက်ရည်ကြမ်း၊ ရေနွေးကြမ်းကို
လက်ကမ်း၍သာ၊ သောက်သုံးလာသည်
မြန်မာဓလေ့၊ တို့ကြည်မွေ့။

❖ ခေတ်သစ်ကမ္ဘာ၊ ဆေးပညာက
ကျန်းမာရေးတွက်၊ ဆေးတစ်လက်ဟု
လက်ဖက်ရည်ကြမ်း၊ ဂုဏ်ရည်စွမ်းကို
ဖော်ညွှန်းထုတ်ပြ၊ သုတေသန။

❖ ထိုရောအခါ၊ စာဆိုငါလျှင်
ဝမ်းသာအားတက်၊ လွန်နှစ်သက်၍
လက်ဖက်ရည်ကြမ်း၊ ရေနွေးကြမ်းကို
ဝမ်းမြောက်ဝမ်းသာ၊ သောက်သုံးရာမှ
မြေမှာလျှောင်းသွား၊ တို့ဘိုးဘွား၏
ကြီးမားကျေးဇူး၊ ဂုဏ်ရည်ထူးကို
ချီးကျူးမဝနိုင်ပါတကား။ ။

မင်းယုဝေ

ကယ်ဆယ်ရေးစခန်းအားလုံးသို့ ထောက်ပံ့ပေး

မိတ္ထီလာ မေ ၆

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ဒေသခံပြည်သူများက ဆက်သွယ်ရေးရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။ အချို့သောစေတနာရှင်အလှူရှင်များအနေဖြင့် နီးစပ်ရာကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ အလျဉ်းသင့်သလို ဝင်ရောက်လှူဒါန်းမှုများရှိသည်။ အချို့ကယ်ဆယ်ရေးစခန်းများတွင် လာရောက်လှူဒါန်းမှုမှာ နည်းသောကြောင့် အလှူရှင်များအနေဖြင့် မိတ္ထီလာမြို့ဆက်သွယ်ရေးရိပ်သာတွင်ဖွင့်လှစ်ထားသော အလှူငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ လက်ခံရာဌာနသို့ လာရောက်ဆက်သွယ်လှူဒါန်းခြင်းဖြင့် ရရှိသောအလှူငွေနှင့် ပစ္စည်းများအား စခန်းများအားလုံးသို့ စနစ်တကျဖြန့်ဝေထောက်ပံ့ပေးလျက်ရှိသည်။ **(ခရိုင်ပြန်/ဆက်)**

တန်ဖိုးနည်းဖုန်းများ လိုင်းဆွဲအားနည်းမည်ကို စိုးရိမ်နေ

ရန်ကုန် ဧပြီ ၆

မကြာမီချပေးတော့မည့် တန်ဖိုးနည်းဖုန်းများ ထွက်လာသည့်အခါ လိုင်းကျပ်၍ ဖုန်းလိုင်းဆွဲအား လျော့မည်ကို စိုးရိမ်မှုများရှိနေကြောင်း ရန်ကုန်အခြေစိုက်မိုဘိုင်းဖုန်းအပိုပစ္စည်းအရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။

ယခုချပေးမည့် ဖုန်းများသည် လူတိုင်းသုံးစွဲနိုင်သောနှုန်း ဖြစ်ခြင်းကြောင့် အားသာချက်များရှိသော်လည်း ရန်ကုန်တွင်ချပေးသော CDMA-800 MHz ဖုန်းများသည် နယ်ဒေသများသို့ ယူဆောင်သွားသည့်အခါ CDMA-450 MHz ဖုန်းဟမ်းဆက်ဖြင့် ထည့်သွင်းသွားရခြင်းကြောင့် ဟမ်းဆက်နှစ်လုံးဝယ်ထားရသည့် အခြေအနေမျိုးဖြစ်ခဲ့ကြောင်း သိရသည်။

"နိုင်ငံတကာမှာတော့ အသုံးများတာ GSMတွေပဲ၊CDMA တော့ရှိတယ်။ သုံးတာနည်းတယ်" ဟု မိုဘိုင်းဖုန်းများကို ပြုပြင်လုပ်ဆောင်နေသူ ကိုမျိုးဇော်က ပြောသည်။ ထိုတန်ဖိုးနည်းဖုန်းများကို လစဉ် တစ်လလျှင် အလုံးပေါင်းသုံးသိန်းခွဲနှုန်းချပေးမည် ဖြစ်သောကြောင့် ဖုန်းကွန်ရက်အတွက် Server နိုင်ပါ့မလားဟုပင် စိုးရိမ်နေကြသူများလည်းရှိသည်။

ရန်ကုန်အခြေစိုက် ဖုန်းဟမ်းဆက်နှင့် အပိုပစ္စည်းများအရောင်းဆိုင်တစ်ခုဖြစ်သော Mobile Bank မှ မန်နေဂျာဖြစ်သူ ကိုသော်ဇင်က "WCDMA ကတော့အကောင်းဆုံးပဲ။ နိုင်ငံတကာမှာ 4G ကွန်ရက်၊ 3G ကွန်ရက်တွေနဲ့သုံးကြတာ၊ CDMA-800 မှာက အရည်အသွေးကောင်းတဲ့ ဟမ်းဆက်တွေအများကြီးတော့ထွက်တယ်၊ နယ်တွေကိုသွားလို့ CDMA-450 ဟမ်းဆက်နဲ့သုံးရတဲ့အခါကျတော့ သူ့မှာက အရည်အသွေးကောင်းတဲ့ ဟမ်းဆက်နည်းတယ်၊ အရည်အသွေးမမီတဲ့ ဟမ်းဆက်တွေကိုပဲ မဖြစ်မနေသုံးရတယ်၊ WCDMA က နည်းပညာတော့ အခက်အခဲရှိတတ်တယ်၊ သုံးတဲ့နိုင်ငံရဲ့ကွန်ရက်က 3G၊ 4G သုံးတဲ့ ကွန်ရက်ဖြစ်ဖို့လိုတယ်၊ ဟမ်းဆက်ကလည်း အဲဒါကို Support လုပ်နိုင်တဲ့ ဟမ်းဆက်မျိုးဖြစ်တော့ ရင်းနှီးမြှုပ်နှံမှုလည်း များတယ်၊ GSM ရဲ့ Network က 2.5 G ပဲ ရှိတာ"ဟု ပြောကြားသည်။

CDMA ကို ပေါင်းကူးသဘောမျိုးဖြင့် သုံးလေ့ရှိပြီး စက်မှုဖွံ့ဖြိုးသောနိုင်ငံများတွင် နည်းပညာဖွံ့ဖြိုးမှုအားနည်းသည့်ကာလက CDMA များကို များစွာသုံးစွဲသော်လည်း နောက်ပိုင်းတွင် GSM, WCDMA များသာ သုံးစွဲလာကြကြောင်း၊ လက်ရှိစက်မှုဖွံ့ဖြိုးသည့် နိုင်ငံကြီးများ၌ပင် ပေါင်းကူးအဖြစ် ယခင်က တွင်တွင်ကျယ်ကျယ် သုံးစွဲခဲ့သော CDMA ဖုန်းများကို ယနေ့ထက်ထိပင် လူအနည်းစုက သုံးစွဲနေကြကြောင်း သိရသည်။

အနာဂတ်ကာလတွင် ဖုန်းသုံးစွဲမှုများလာခြင်းနှင့်အတူ ဖုန်းလိုင်းကျပ်မှုများဖြစ်လာနိုင်မည်ကို ကြိုတင်တွေးဆ၍ စိုးရိမ်နေကြသူများရှိသကဲ့သို့ တန်ဖိုးနည်းဖုန်းများ ဝယ်ယူသုံးစွဲရန် ပျော်ရွှင်စွာစောင့်ဆိုင်းနေသူများလည်းရှိကြောင်း သိရသည်။

(၆၈၀)

ရန်ကုန်ကားတာယာဈေးကွက် အရောင်းအဝယ်အေး

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့ရှိ ကားတာယာဈေးကွက်တွင် ယခုအခါ အရောင်းအဝယ်အေးနေပြီး ကားငယ်တာယာအချို့သာ ရောင်းချနေရကြောင်း ကားတာယာလက်ကားအရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။

အဆိုပါ တာယာဈေးကွက်တွင် ကားကြီးနှင့် ကားလတ်တာယာများမှာ အလွန်အေးနေသော်လည်း ကားငယ်တာယာသာ အနည်းအကျဉ်း ရောင်းချရကြောင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းတွင် နေထိုင်သော တာယာလုပ်ငန်းရှင် တစ်ဦး၏ ပြောပြချက်အရ သိရသည်။

"အရင်နှစ်က ဒီအချိန်ဆို ရောင်းရတယ်။ ဒီနှစ်က တော်တော့်ကိုအေးနေတာ။ နယ်အဝယ်လည်း သိပ်မရှိဘူး။ ဒီလိုဖြစ်တာက ဒေါ်လာဈေးငြိမ်တာလည်း ပါတယ်။ အရောင်းအဝယ် မကောင်းကြတာလည်းပါတယ်"ဟု ၎င်းက ရှင်းပြသည်။

တာယာဈေးကွက်တွင် ၁၀ ဘီး၊ ၁၂ဘီး ကားအမျိုးအစား ကားကြီးတာယာသည် ထုတ်လုပ်သည့်နိုင်ငံနှင့် အရည်အသွေးပေါ်မူတည်၍ တာယာတစ်လုံးလျှင် ကျပ်နှစ်သိန်းမှ နှစ်သိန်းငါးသောင်းကြားဖြင့် လည်းကောင်း၊ ၈တန်(ခြောက်ဘီးတပ်) ကားလတ်တာယာမှာ တစ်လုံးလျှင်ကျပ် တစ်သိန်းခုနစ်သောင်းမှ နှစ်သိန်းကြားဖြင့် လည်းကောင်း၊ ၂တန်၊ ၃တန်၊ ၄ တန် ကားလတ်တာယာများမှာ တစ်လုံးလျှင် ကျပ်တစ်သိန်း တစ်သောင်းမှ ကျပ်တစ်သိန်းလေးသောင်းငါးထောင်ကြားဖြင့် လည်းကောင်း၊ ကားငယ်တာယာမှာ တစ်လုံးလျှင် ကျပ်သုံးသောင်းငါးထောင်မှ လေးသောင်းကြားတွင် လည်းကောင်း ပေါက်ဈေးရှိနေကြောင်း သိရသည်။

ငွေးခိုင်(စမ်းချောင်း)

ဆိုင်ကယ်နှင့် ကားတိုက်

နွားထိုးကြီး ဧပြီ ၆

မြင်းခြံ-မန္တလေးကားလမ်း မှက္ခရာရွာအနီးတွင် အောင်နိုင်လင်း(၁၃)နှစ် စီးနင်းလာသော FOSTAT CZR အပြာ 125 ဆိုင်ကယ်နှင့် ဝင်းကားအသင်းမှ ယာဉ်မောင်း ဖိုးပြည့်(၂၅)နှစ် မောင်းနှင်လာသော အမြန်ယာဉ် ၇င/--- တို့ ဧပြီ ၅ ရက် နံနက် ၁၀ နာရီခန့်တွင် ဝင်တိုက်မိမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်အတွင်း ဆိုင်ကယ်ပေါ်ပါ အောင်နိုင်လင်း (၁၃)နှစ်၊ ကြည်ဇော်(၂၄)နှစ် ပွင့်ဖြူမြို့နယ် မကွေးတိုင်းဒေသကြီးနေသူတို့ ဒဏ်ရာရ၍ နွားထိုးကြီးဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ ရှမ်းပြည်နယ် နန့်ဆန်မှ ပွင့်ဖြူမြို့သို့အပြန် နွားထိုးကြီးလမ်းတွင် တိုက်မိခဲ့ခြင်းဖြစ်သည်။ နွားထိုးကြီးရဲစခန်းက ယာဉ်တိုက်မှုကို ၃/၂၀၁၃ ပုဒ်မ ၃၃၇/၃၃၈ ဖြင့် အရေးယူထားကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

မြန်မာလူငယ်အမျိုးသမီး အလေးမအသင်း ကမ္ဘာ့လူငယ်အလေးမပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်

နေပြည်တော် ဧပြီ ၆

ဧပြီ ၆ ရက်မှ ၁၃ ရက်အထိ ဥဇဘက်ကစ္စတန်နိုင်ငံ တာ့စကန်မြို့၌ ကျင်းပမည့် (၄)ကြိမ်မြောက် ကမ္ဘာ့လူငယ် အလေးမပြိုင်ပွဲသို့ မြန်မာလူငယ်အမျိုးသမီးအလေးမအသင်းအနေဖြင့် အတန်း(၅)တန်း ဝင်ရောက်ယှဉ်ပြိုင်ရန် ဧပြီ ၄ ရက် ည ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာလူငယ်အမျိုးသမီးအလေးမအသင်းသည် ကမ္ဘာ့လူငယ်အလေးမပြိုင်ပွဲ၌ အဆင့်သတ်မှတ်ချက် (Qualify)ဝင်ပါက ၂၀၁၄ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ကမ္ဘာ့လူငယ်အိုလံပစ် ပြိုင်ပွဲသို့ ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ့လျားဈေးဆိုင်များ အရောင်းသွက်လျက်ရှိ

ရေတာရှည် ဧပြီ ၆

နယ်မြို့အသီးသီးတွင် ဈေးပတ်အလိုက် လှည့်လည်ရောင်းချသော ရွှေ့လျားဈေးဆိုင်များသည် ဈေးနှုန်းချိုသာသဖြင့် အရောင်းသွက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချသော ဈေးကုန်များတွင် ခရီးဆောင်အိတ်အမျိုးမျိုး၊ အဝတ်အထည်မျိုးစုံ၊ အိမ်သုံးပစ္စည်းအမျိုးမျိုးနှင့် မီးဖိုချောင်သုံးပစ္စည်းများ ပါဝင်သည်။ ကျေးလက်နေ ပြည်သူများသည် ဈေးနှုန်းချိုချိုဖြင့် ရောင်းချသည့် အဆိုပါရွှေ့လျားဈေးဆိုင်များ၏ အဓိကဖောက်သည်လည်းဖြစ်ပြီး ခရီးဆောင်အိတ် အကြီး၊ အသေး ကြိုက်ရာယူ ငွေကျပ် ၃၅၀၀၊ အဝတ်အစားမှာလည်း ကျပ် ၁၀၀၀ နှင့် ၂၀၀၀ ကြားသာရှိပြီး သက်သောင့်သက်သာဖြင့် ဝယ်ယူနိုင်၍ ဆင်းရဲနွမ်းပါးသူများအတွက် အဆင်ပြေသည်ကို တွေ့ရသည်။ နံနက်စောစောကပင် လိုက်လံရောင်းချသည့် ရွှေ့လျားဈေးဆိုင်များမှာ ကြိတ်ကြိတ်တိုးကာ ဝယ်ယူကြ၍ ရောင်းသူဝယ်သူအားလုံး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၅၇၈)











ACM ဆုပေးပွဲအခမ်းအနား တေးသံရှင် ဂျွန်မိုင်ယာ ဖျော်ဖြေ

ဧပြီ ၇ ရက်(တနင်္ဂနွေနေ့)၌ အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မြို့တွင် ကျင်းပမည့် (၄၈)ကြိမ်မြောက် ကန်းထရီးတေးသီချင်း ဆုပေးပွဲ (ACM) အခမ်းအနားကို စီဘီအက်စ်ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ယင်းအခမ်းအနားတွင် အမေရိကန်ပေါ့ပ်နှင့် ကန်းထရီးသီချင်းအဆိုရှင် ဂျွန်မိုင်ယာနှင့် တေးရေးဆရာ တစ်ဖြစ်လဲ တေးသံရှင် Brad Paisley တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း ဆုပေးပွဲအခမ်းအနားစီစဉ်သူများက ဧပြီ ၅ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားကို အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လတ်စ်ဗီးဂတ်စ်မြို့ရှိ MGM Grand ၌ ကျင်းပမည်ဖြစ်ပြီး အမေရိကန်နိုင်ငံ၏ နာမည်ကျော် ကန်းထရီးတေးသံရှင်များဖြစ်ကြသည့် ဂရေးအယ်လန်၊ ဖိတ်သ်ဟေးလ်၊ ရှန်နီရာ၊ ထရီရှာရီးယားဝုဒ်၊ ချားစ်ယန်းနှင့် အယ်လီယန်း အမေရိကန် ကန်းထရီးတေးဂီတအဖွဲ့တို့ကလည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ကန်းထရီးအဆိုတော် Luke Bryan နှင့် Blake Shelton တို့ကအခမ်းအနားမှူးများအဖြစ် စီစဉ်ဆောင်ရွက်ပေးကြမည်ဖြစ်ပြီး အဆိုပါ ACM ဆုပေးပွဲအခမ်းအနားသည် အမေရိကန်ကန်းထရီး ဂီတလောက၏ ထူးချွန်သော တေးသံရှင်များအား ဂုဏ်ပြုချီးမြှင့်သော ထိပ်တန်းတေးဂီတဆုအမျိုးအစားတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် ➤ စုစည်းသည်

အမေရိကန်နှင့် ဥရောပရုပ်ရှင်ပရိသတ်အကြိုက်တွေ့နေသည့် I Miss You ကိုရီးယားအချစ်ဒရာမာဇာတ်ကား

တောင်ကိုရီးယားတေးဂီတအဖွဲ့ JYJ မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပတ်ယိုးချွန်၏ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းက အမ်ဘီစီရုပ်သံလိုင်း၌ ထုတ်လွှင့်တင်ဆက်ပေးခဲ့သည့် I Miss You ဇာတ်ကားသည် ယခုအခါ အမေရိကန်နှင့် ဥရောပနိုင်ငံများအထိပါ ပျံ့နှံ့သွားခဲ့ပြီး အဆိုပါပရိသတ်များ၏ အထူးအားပေးမှုကိုရရှိခဲ့ကြောင်း သိရသည်။

တေးသံရှင်တစ်ဖြစ်လဲ သရုပ်ဆောင် ပတ်ယိုးချွန်က အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသော အဆိုပါ အချစ်ဒရာမာဇာတ်ကားကို အမေရိကန်နှင့် ဥရောပရှိ ရုပ်ရှင်ပရိသတ်များက ကြိုက်နှစ်သက်ကြပြီး အထူးသဖြင့် ယင်းဇာတ်ကားမှ အဓိကသရုပ်ဆောင် ပတ်ယိုချွန်းအား စိတ်ဝင်စားလျက်ရှိကြကြောင်းနှင့် ယင်းမှာ ပတ်ယိုချွန်းအနေဖြင့် အမေရိကန်တွင် ဇာတ်ကားပရိုမိုးရှင်း ပြုလုပ်သည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားမှာ အရမ်းချစ်ကြသော ချစ်သူနှစ်ယောက်သည် ငယ်စဉ်က ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်အပျက်များဖြင့် ကွဲကွာခဲ့ကြရပြီး အရွယ်ရောက်မှ ပြန်လည်ဆုံတွေ့ကြပုံကို ပုံဖော်ထားသည့် အချစ်ဒရာမာဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် သရုပ်ဆောင်ယွန်အီဟေးနှင့်ယူးဆန်ဟိုတို့က ပါဝင်အားဖြည့်ပေးထားသည်။

ယခုအခါ အဆိုပါ I Miss You ဇာတ်ကားကို ဂျပန်နိုင်ငံ၏ DATV ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသပေးလျက်ရှိပြီး မကြာမီတွင် ဂျပန်နိုင်ငံ၏ အဓိကရုပ်သံလိုင်းကြီးများတွင်လည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ထို့နောက် ဟောင်ကောင်၊ တရုတ်နှင့် အမေရိကန်နိုင်ငံ၏ ရုပ်သံလိုင်းများ၌ ဇွန်လနှင့် ဇူလိုင်လများတွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားနှင့်မြောက်အမေရိကရှိ မြို့တော် ၂၀တွင်တစ်ပြိုင်တည်းပြသခဲ့သည့် Fist of Legend ဇာတ်ကား

တောင်ကိုရီးယားဒါရိုက်တာ ကန်ဝူဆောက်၏ Fist of Legend အမည်ရှိ အားကစားဒရာမာ ဇာတ်ကားကို စတင်ဖြန့်ချိပြသစဉ်ကတည်းက ပြည်တွင်း၌သာမကဘဲ လော့စ်အိန်ဂျလိစ်၊ နယူးယောက်၊ ဝါရှင်တန်နှင့် တော်ရွန်တိုအစ ရှိသော မြောက်အမေရိကရှိမြို့တော်ပေါင်း ၂၀ ကျော်၏ ရုပ်ရှင်ရုံ ၂၃ ရုံတွင် တစ်ပြိုင်တည်းရုံတင်ပြသခဲ့ကြောင်း CH အင်န်တာတိန်းမန့်မှ သတင်းဖော်ပြသည်။

ယခင်က တောင်ကိုရီးယားဇာတ်ကားများဖြစ်သည့် Masquerade ဇာတ်ကားနှင့် The Berlin File ဇာတ်ကားများကိုလည်း အဆိုပါမြို့များ၌ပြသခဲ့ဖူးပြီး ပရိသတ်အားပေးမှုရရှိခဲ့သော်လည်း ယခုဇာတ်ကား၏ ထူးခြားချက်မှာ ကိုရီးယားနှင့်အမေရိကန်ရှိမြို့တော်များ၌ တစ်ပြိုင်တည်းပြသခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် First of Legend ဇာတ်ကား၏ ဒါရိုက်တာ ကန်ဝူဆောက်၏ လက်ရာဇာတ်ကားများကို အမေရိကန်ရှိမြို့တော်များ၌ ယင်းကဲ့သို့ ရုံတင်ပြသခြင်းမှာ ပထမဆုံးအကြိမ် မဟုတ်ကြောင်းနှင့် ၁၉၉၅ ခုနှစ်က Killing My Wife ဇာတ်ကား၊ Two Cops ဇာတ်ကားနှင့် Public Enemy ဇာတ်ကားတို့ကိုလည်း ရုံတင်ပြသဖူးကြောင်း သိရသည်။

ဖြန့်ချိပြသရန်စီစဉ်ထားသောရက်ထက်အနည်းငယ်နောက်ကျကာ ထွက်ရှိလာမည့် ဟာဂျီဝန်၏ ဟာသဇာတ်ကားသစ်

တောင်ကိုရီးယားကြယ်ပွင့် ရုပ်ရှင်သရုပ်ဆောင် ဟာဂျီဝန်က သူမပါဝင်သရုပ်ဆောင်ထားသော The Huntresses ဇာတ်ကားသည် မူလဖြန့်ချိပြသရန် စီစဉ်ထားသော အချိန်ထက် အနည်းငယ် နောက်ကျကာ ထွက်ရှိမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ဇာတ်ကားကို မေလအတွင်း ဖြန့်ချိပြသရန် စီစဉ်ထားခဲ့သော်လည်း ယခုအခါ ယင်းဇာတ်ကားအတွက် အချို့သောကွန်ပျူတာအထူးပြုလုပ်ချက်များ ပြုလုပ်နေသဖြင့် အချိန်ပိုမိုကြန့်ကြာစေခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယခု အသစ်တစ်ဖန်ပြင်ဆင်တည်းဖြတ်ပြီး ဖြန့်ချိပြသမည့်ရက်ကိုမူ ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

"ကျွန်တော်တို့ဟာ ဒီဇာတ်ကားတစ်ခုလုံးရဲ့ ကွန်ပျူတာဂရပ်ဖစ်ပိုင်းဆိုင်ရာတွေကို ပိုမိုပြီးပြည့်စုံမှုရှိအောင် ကြိုးစားလုပ်ဆောင်နေပါတယ်။ ဒီဇာတ်ကားကိုပြုလုပ်နေပြီး အလယ်လောက်မှာ ဇာတ်ကားရဲ့ကွန်ပျူတာပြုလုပ်ချက်ပိုင်းဆိုင်ရာမှာ ကုမ္ပဏီပြောင်းရွှေ့ အပ်နှံလိုက်ခြင်းကြောင့် ဖြန့်ချိမယ့်ရက်ထက် အနည်းငယ်နောက်ကျသွားတာ ဖြစ်ပါတယ်" ဟု အဆိုပါဇာတ်ကား ထုတ်လုပ်သူ Showbox ကုမ္ပဏီကပြောကြားခဲ့သည်။

The Huntresses ဇာတ်ကားသည် ဟာသကားတစ်ကားဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၏ ဂျိုဆန်ခေတ်အတွင်းက မသက်ာဖွယ်မှုခင်းများကို ရှာဖွေဖော်ထုတ်ကာ ဆုတော်ငွေများရယူသွားခဲ့ကြသော အမျိုးသမီးသူရဲကောင်း သုံးဦးအကြောင်းကို ဖော်ညွှန်းထားသော ဇာတ်ကားတစ်ကားဖြစ်ပြီး ယင်းဇာတ်ကားတွင် ဟာဂျီဝန်နှင့်အတူ အဓိက သရုပ်ဆောင်များအဖြစ် ကန်ရီဝန်းနှင့် ဆုန်ဂါအင်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။



ဟိုတယ် ငှား/ရောင်းရန်ရှိသည်

(၈)ထပ်တိုက်အသစ်
- အကျယ် ပေ(၆၀×၈၀)
- အခန်း(၇၀)

စုံစမ်းရန် ဖုန်း-၀၉-၅၀၀၅၀၁၄

ခါတော်မှီဝိပဿနာတရားစခန်းပွဲ ဖိတ်ကြားခြင်း

မဟာသကြင်္န် ခါတော်မှီ ဝိပဿနာတရားစခန်းပွဲကို မကွေးမြို့၊ မဟာမြသလွန်စေတီတော် အရှေ့မြောက်ဘက်ရှိ ဇမ္ဗူအေး သာသနာ့ရိပ်သာတွင် ၁၂-၄-၂၀၁၃ ရက် (သောကြာနေ့)မှ ၂၁-၄-၂၀၁၃ ရက် (တနင်္ဂနွေနေ့)ထိ ဆင်တောင်ဆရာတော်ကိုယ်တိုင် ဖွင့်လှစ်ပြသမည်ဖြစ်ပါကြောင်း ပြည်တွင်း၊ ပြည်ပမှ ယောဂီသူတော်စင်များအား အသိပေး နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဇမ္ဗူအေးသာသနာ့ရိပ်သာ
တရားစခန်းပွဲဖြစ်မြောက်ရေးကော်မတီ
ဖုန်း-၀၆၃၂၃၉၇၉၊ ၀၉-၅၃၄၁၅၇၉၊ ၀၉-၄၉၂၃၁၇၇၇

Elegnat Myanmar Tours
ငွေဆောင်အဆင့်မြင့်ကားသီးသန့်
ငွေဆောင် ဟိုတယ် သီးသန့်
13,15 April 2013
Ph-01-401261, 8550120
09-421107472

ကားရောင်းမည်

ပိုင်ရှင်ကိုယ်တိုင်
2010 Toyota Mark X Black
1997 Prado TZ,Blue
2003 Caldina ZT,Silver
2007 Probox Diesel,Blue,White
2007 Belta Silver,ကြံရည်
Ph:09-5121084

တွေ့ရှိထားသူများ အကြောင်းကြားပါ ကျေးဇူးဆပ်ပါမည်

တာမွေမြို့နယ်၊ ဗညားဒလလမ်းပေါ် (၁၄၈)လမ်းထိပ်နှင့် သြဘာလမ်းထိပ်မှ ကုန္တာသယလမ်းသို့အသွား ဂျပ်ကော့တံဆိပ်(Jack Cord) တံဆိပ်ပါအနက်ရောင် အိတ်(၁)လုံး ကားပေါ်မှ ကျပျောက်သွားပါ၍ အိတ်အတွင်း၌ အရေးကြီးစာရွက်စာတမ်းများ၊ စာအုပ်များ၊ ဘဏ်စာအုပ်(၂)အုပ်၊ Memory Stick တစ်ခုနှင့် ဝန်ထမ်းကတ်များ၊ နိုင်ငံသားကတ်ပြားမှတ်တမ်းစာအုပ်များ ပါရှိသွားပါ၍ ကောက်ရတွေ့ရှိထားပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန် ဦးစံရှိန် ဖုန်း-၀၉-၅၁၇၀၈၆၀၊ ၀၉-၅၄၁၀၉၅၀၊ ၀၁-၅၄၆၉၃၇

ပျောက်ဆုံး

ဦးရဲထွန်းလင်း၉/အမဇ(နိုင်)၀၀၉၁၃၇၂၏ ပါမစ်မူရင်း(ISP IDVY8 12-1314121 04/03/13)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၀၅၁၇၉၉

ရောင်းမည်

၁၆၆ လမ်း၊ တာမွေ၊ ကွန်ဒိုသစ်၊ (၆)လွှာ ပွဲစားမလိုပါ။ ဝယ်ယူမည့်သူ ကိုယ်တိုင်ဆက်သွယ်ပါ။ ညှိနှိုင်းဈေး
ဖုန်း-၀၉-၅၀၇၇၇၇၂၊ ၀၉-၇၃၀၄၀၈၉၁

ပရီမီယာလိဂ်ရင်ခုန်သံ – ၃၂

ဧပြီ ၆၊ ၇၊ ၉ ရက်တွေမှာ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၂)အနက်က ဧပြီ ၆ ရက်မှာ ယှဉ်ပြိုင်ကစားမယ့်ပွဲတွေကို သုံးသပ်တင်ပြပေးခဲ့ပြီးနောက် ကျန်ရှိနေသေးတဲ့ ဧပြီ ၇၊ ၉ ရက်တွေမှာ ယှဉ်ပြိုင်ကစားမယ့်ပွဲတွေကို ထပ်မံသုံးသပ်တင်ပြပေးလိုက်ပါတယ်။ အဆိုပါပွဲစဉ်တွေအထဲမှာ မန်ယူနဲ့ မန်စီးတီးဆုံတဲ့ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းသလို အကြိတ်အနယ်ရှိမှာပါ။

လီဗာပူး Vs ဝက်စ်ဟမ်း ည ၇း၀၀(၇-၄-၂၀၁၃)

ပထမအကျော့ ဝက်စ်ဟမ်း ၂-၃ လီဗာပူး

ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုက စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဂျရတ်၊ ကွန်တင်ဟို၊ ဆွာရက်ဇ်၊ ဒေါင်းနင်းတို့ရဲ့ ကွင်းလယ်နဲ့ တိုက်စစ်က ကစားပုံတည်ငြိမ်မှုရှိတာတွေ့ရတယ်။ အထူးသဖြင့် လီဗာပူးဟာ ဥရောပ ဝင်ခွင့်ရဖို့ကြိုးစားနေတာကြောင့် အိမ်ကွင်းမှာအမှတ်ပြည့်ရဖို့ အားစိုက်လာမှာပါ။ ဒါပေမယ့် ဝက်စ်ဟမ်းက ခြေစွမ်းပိုင်း မဆိုးဘူး။

စပါး Vs အဲဗာတန် ည ၇း၃၅(၇-၄-၂၀၁၃)

ပထမအကျော့ အဲဗာတန် ၂-၁ စပါး

စပါးဟာ အိမ်ကွင်းယှဉ်ပြိုင်ရမှာ ဖြစ်တာကြောင့် ပို၍အားစိုက်လာမှာဖြစ်သလို အဲဗာတန်ကလည်း ဥရောပဝင်ခွင့်ရယူဖို့အတွက် ခြေကုန်ထုတ်လာမှာပါ။ နှစ်သင်းစလုံးဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုလည်းရှိနေကြပါတယ်။ စပါးအနေနဲ့ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုရှိလာနိုင်ပေမယ့် အခုလို အိမ်ကွင်းပွဲမျိုးမှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ ခြေစွမ်းပိုင်းကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အကြိတ်အနယ်ရှိနိုင်တယ်။

ချယ်လ်ဆီး Vs ဆန်းဒါးလန်း ည ၈း၃၀ (၇-၄-၂၀၁၃)

ပထမအကျော့ ဆန်းဒါးလန်း ၁-၃ ချယ်လ်ဆီး

ဆောက်သမ်တန်ကို ရှုံးနိမ့်ခဲ့ရမှုကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး အခက်အခဲတွေနဲ့ ရင်ဆိုင်ရတော့မယ့် ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ အမှတ်ပြည့်ရယူနိုင်ဖို့ အားစိုက်လာမှာပါ။ ချယ်လ်ဆီးအနေနဲ့ အက်ဖ်အေဖလား၊ ယူရိုပါလိဂ်ပွဲတွေဆက်တိုက်ကစားခဲ့ရလို့ ပွဲပန်းမှုရှိလာနိုင်ပေမယ့်လည်း ဆန်းဒါးလန်းဟာ နောက်ဆုံးငါးပွဲဆက် အနိုင်ရတဲ့အထိ ခြေပျက်နေပါတယ်။ ဆန်းဒါးလန်းအနေနဲ့ မန်နေဂျာ မာတင်အိုနေးလ်ကို ထုတ်ပယ်ခဲ့တာကြောင့် ခြေစွမ်းပိုင်းအရ အနည်းငယ်အပြောင်းအလဲရှိလာနိုင်သလို တန်းမဆင်းရဖို့အတွက်လည်း ခြေကုန်ထုတ်လာမှာ ဖြစ်ပေမယ့် ချယ်လ်ဆီးကို စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းမှာ အသာရဖို့ မလွယ်ကူနိုင်ပါဘူး။

နယူးကာဆယ် Vs ဖူလ်ဟမ် ည ၈း၃၀ (၇-၄-၂၀၁၃)

ပထမအကျော့ ဖူလ်ဟမ် ၂-၁ နယူးကာဆယ်

မန်စီးတီးကို ဂိုးပြတ်ရှုံးခဲ့ရတဲ့ နယူးကာဆယ်ဟာ တန်းမဆင်းရဖို့ အတွက် အိမ်ကွင်းမှာနိုင်ပွဲရရှိရေး အားစိုက်လာမှာပါ။ နယူးကာဆယ်အနေနဲ့ လက်ရှိခြေစွမ်းပိုင်း အားပျော့ကာ နောက်ဆုံးလေးပွဲအတွင်း တစ်ပွဲသာ အနိုင်ရခဲ့သလို ယူရိုပါလိဂ်ကစားခဲ့ရမှာမို့ ပွဲပန်းလာမှာလည်း ဖြစ်တယ်။ ဖူလ်ဟမ်ကတော့ နောက်ဆုံး လေးပွဲဆက်အရှုံးမရှိခဲ့ဘဲ ခြေငြိမ်နေပေမယ့် အဝေးကွင်းနဲ့ တိုက်စစ်ကစားပုံ အနည်းငယ်အားပျော့ပါတယ်။

ကျူပီအာ Vs ဝီဂန် ည ၉း၄၀(၇-၄-၂၀၁၃)

ပထမအကျော့ ဝီဂန် ၂-၂ ကျူပီအာ

တန်းမဆင်းရဖို့ အထူးကြိုးစားနေတဲ့ နှစ်သင်းဆုံတွေ့ပွဲဖြစ်လို့ အကြိတ်အနယ်ရှိမှာပါ။ လက်ရှိခြေစွမ်းပိုင်းအရ ဝီဂန် ကစားအားရှိပေမယ့်လည်း ကျူပီအာက အိမ်ကွင်းဆိုရင် ခြေပိုကောင်းတတ်ပါတယ်။ အထူးသဖြင့် ကျူပီအာရဲ့ အသင်းလိုက်ကစားပုံကလည်း အားကောင်းမှုရှိလို့ ဝီဂန်ကိုထိန်းချုပ်နိုင်မှာပါ။

မန်ယူ Vs မန်စီးတီး နံနက် ၁း၃၀(၉-၄-၂၀၁၃)

ပထမအကျော့ မန်စီးတီး ၂-၃ မန်ယူ

ဒီတစ်ပတ်ရဲ့ အကောင်းဆုံးပွဲပါ။ မန်စီးတီးက အမှတ်ကွာဟမှုကိုလျှော့ချနိုင်ဖို့ ခြေကုန်ထုတ်လာမှာဖြစ်သလို မန်ယူကလည်း ဒီပွဲအနိုင်ရခဲ့မယ်ဆိုရင် ချန်ပီယံဖြစ်ဖို့ သေချာသလောက်ရှိသွားမှာဖြစ်တာကြောင့် ခြေကုန်ထုတ်လာမှာပါ။ လက်ရှိခြေစွမ်းအရ နှစ်သင်းစလုံးတည်ငြိမ်မှုအပြည့်ရှိကြပေမယ့် အခုနောက်ပိုင်းမှာ မန်ယူရဲ့ တိုက်စစ်က ဂိုးသွင်းခြေကျဆင်းလာတာကို သတိပြုရမှာပါ။ အထူးသဖြင့် ဗန်ပါစီဂိုးသွင်းခြေပျောက်နေခြင်းက မန်ယူကို အနည်းငယ်အခက်တွေ့စေနိုင်ပါတယ်။ ဒါပေမယ့် ကစားရမှာက မန်ယူရဲ့ကွင်းဖြစ်နေတာကြောင့် မန်စီးတီးအနေနဲ့လည်း လွယ်လွယ်ကူကူ အသာမရနိုင်ပါဘူး။

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်မတ်လတစ်လတာအကောင်းဆုံးဆု ဒေးဗစ်မိုယက်နှင့် ဗာတွန်ဂန်တို့ရရှိ

အဲဗာတန်အသင်းနည်းပြဒေးဗစ်မိုယက်နှင့် စပါးနောက်တန်းကစားသမားဂျန်ဗာတွန်ဂန်တို့နှစ်ဦးသည် ပရီမီယာလိဂ်၏ မတ်လတစ်လတာ အကောင်းဆုံးနည်းပြဆုနှင့် အကောင်းဆုံးကစားသမားဆုတို့ကို အသီးသီး ရရှိခဲ့ကြောင်း သိရသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဗာတွန်ဂန်သည် ပြီးခဲ့သည့်နွေရာသီက အိုင်းယက်စ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့်ရောက်လာသူဖြစ်ပြီး စပါးအသင်းအတွက် လေးပွဲတွင် သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် အဆိုပါဆု ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လီဗာပူးနှင့်ပွဲတွင် နှစ်ဂိုးနှင့် ဆွမ်ဆီးနှင့်ပွဲတွင် တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်းနည်းပြဒေးဗစ်မိုယက်သည် အဲဗာတန်အသင်း၏ ပွဲစဉ်သုံးပွဲမှ အနည်းဆုံးရမှတ် ကိုးမှတ်အထိ ရယူနိုင်ခဲ့ပြီးနောက် ပရီမီယာလိဂ်၏ မတ်လတစ်လတာ အကောင်းဆုံးဆုကို ရရှိခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရီးဒင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ စတုတ်စီးတီးအသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အဲဗာတန်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒေးဗစ်မိုယက်သည် လက်ရှိတွင် ဂျာမန်ဘွန်ဒက်လီဂါကလပ်ရှော်လ်ကေးအသင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒဖြစ်ပေါ်နေကြောင်း သိရသည်။

၂၀၁၆ ခုနှစ်ထိချယ်လ်ဆီး၌ဆက်နေလိုတဲ့တောရက်စ်

ချယ်လ်ဆီးအသင်းမှ စပိန်တိုက်စစ်မှူး တောရက်စ်သည် ချယ်လ်ဆီးအသင်း၌ အနည်းဆုံး ၂၀၁၆ ခုနှစ်တိုင်အောင် ဆက်လက်ကစားရန် သန္နိဋ္ဌာန်ချလိုက်ကြောင်း သိရသည်။

တိုက်စစ်မှူးတောရက်စ်သည် ၂၀၁၁ ခုနှစ်ဇန်နဝါရီလအတွင်းက လီဗာပူးအသင်းမှ အင်္ဂလန်၏ စံချိန်တင် ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ဖြင့် ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ၎င်း၏ ငယ်စဉ်ဘဝက ကစားခဲ့သော အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြန်မည်ဟူသော သတင်းများထွက်ပေါ်ခဲ့သည်။

သို့ရာတွင် အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးတောရက်စ်က လက်ရှိကလပ်ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေပြီဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

တိုက်စစ်မှူးတောရက်စ်သည် ရူဘင်ကာဇန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော ချယ်လ်ဆီးအသင်း၏ ယူရိုပါလိဂ်ကွာတားဖိုင်နယ်ပထမအကျော့တွင် နှစ်ဂိုးသွင်းယူပေးခဲ့ပြီး စတမ်းဖို့ဒ်ဘရစ်ချ်၌ နှစ်နှစ်ကျော်ကာလအတွင်း ပြိုင်ပွဲပေါင်း ၁၁၆ ပွဲတွင် ၂၉ ဂိုးအထိဖန်တီးပေးခဲ့သူဖြစ်သည်။

စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ် ခြေချင်းဝတ်ဒဏ်ရာကြောင့် နှစ်ပွဲခန့်လွဲချော်ဖွယ်ရှိ

ပရီမီယာလိဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းမှ တောင်ပံကစားသမားဂါရတ်ဘေးလ်သည် ဘေဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော ယူရိုပါလိဂ်ရှုံး/ထွက်အဆင့် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ညာဘက်ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် စပါးအသင်း၏ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်နှစ်ပွဲနှင့်လွဲချော်ရဖွယ်ရှိကြောင်း သိရသည်။

စပါးနှင့်ဘေဆယ်တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သော စပါးတောင်ပံကစားသမားဂါရတ်ဘေးလ်သည် ဧပြီ ၂၁ ရက်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်လာနိုင်လိမ့်မည်ဖြစ်ကြောင်း စပါးအသင်းက ပြောကြားခဲ့သည်။

စပါးအသင်းသည် ဧပြီ ၇ ရက်တွင် ဗိုက်ဟတ်ဒ်လိန်း၌ အဲဗာတန်ကို ဧည့်ခံကစားရမည်ဖြစ်ပြီး ဧပြီ ၁၁ ရက်တွင်မူ ဆွစ်ဇာလန်ကလပ်ဘေဆယ်အသင်းနှင့်ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နိုင်လင်းကြည်(ကြေးမုံ)





လားရှိုးမြို့တွင် ၂၂ ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်

လားရှိုး ဧပြီ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ဧပြီ ၃ ရက်က ကုန်များတင်ဆောင်လာသော ၂၂ ဘီး နောက်တွဲယာဉ်ကြီးနှင့် မော်တော်ဆိုင်ကယ်တို့ ချိတ်မိကာ ဆိုင်ကယ်နောက်တွင် စီးနင်းလိုက်ပါလာသူ လူတစ်ဦး ကားကြီးအောက်ရောက်ရှိကာ ကားရှေ့ဘီးနှင့် ကြိတ်မိပြီး ဒဏ်ရာဖြင့် နေရာတွင်ပင် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၃ ရက် မွန်းလွဲပိုင်းက လားရှိုးမြို့ ရပ်ကွက်(၁၂) သိန်းနီလမ်းမကြီးပေါ်ရှိ ဝမ်းဝမ်းစတိုးဆိုင်ရှေ့တွင် ခိုလောင်းလမ်းဆုံမှ လားရှိုးကြီးလမ်းဆုံဘက်သို့ လားရှိုးမြို့နယ်နေ အောင်ညွန့် (၁၈) နှစ် မောင်းနှင်ကာ ဆိုင်ကယ်နောက်တွင် တစ်ရွာတည်းနေ အိုက်ထွန်း(၂၇)နှစ် လိုက်ပါစီးနင်းလာသော ၁၈ဃ/--- ဆိုင်ကယ်နှင့် ယာဉ်မောင်း ရဲလင်းထွန်း (၃၂) နှစ် မောင်းနှင်လာသော ကုန်များတင်ဆောင်လာသည့် နောက်တွဲ ၂၂ ဘီးယာဉ်ကြီး ယာဉ်အမှတ် ၃C/--- နှင့် တိုက်မိသည်။

ထိုသို့တိုက်မိစဉ်တွင် ဆိုင်ကယ်အမှတ် ၁၈ဃ/---- ၏ နောက်တွင် လိုက်ပါစီးနင်းလာသော အိုက်ထွန်းသည် ဆိုင်ကယ်ပေါ်မှပြုတ်ကျကာ ၂၂ ဘီးယာဉ်ကြီးအောက်ဝင်ရောက်သွားပြီး ကားရှေ့ဒုတိယဘီးနှင့် ကြိတ်မိကာ နေရာတွင်သေဆုံးသွားပြီး ဆိုင်ကယ်မောင်းနှင်သူ အောင်ညွန့်မှာမူ ဒဏ်ရာအနည်းငယ်သာ ရရှိသွားခဲ့သည်။

ထို့ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်မှု၊ လူသေဆုံးမှုနှင့် ဒဏ်ရာအနာတရ ဖြစ်စေမှုတို့ကြောင့် ယာဉ်မောင်း ရဲလင်းထွန်းအား လားရှိုးယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် စောဝင်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဇော်လွင် (လားရှိုး)

ကြက်ဥကြော်ရာမှ တဲကုန်းကျေးရွာတွင် မီးလောင်

ပခုက္ကူ ဧပြီ ၆

ပခုက္ကူမြို့နယ် မြို့ခင်းသာကျေးရွာအုပ်စုတဲကုန်းကျေးရွာတွင် မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ ဧပြီ ၆ ရက် ညနေ ၄ နာရီတွင် တဲကုန်းကျေးရွာနေဦးစိုးသိန်း၏နေအိမ်၌ ကြက်ဥကြော်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ကျေးရွာရှိ စုစုပေါင်းနေအိမ် ၂၂ လုံးမီးလောင်ခဲ့ရာ မြို့နယ်မီးသတ်ဌာနမှ ကားများ၊ ရပ်ကွက်အရန်မီးသတ်ကားများ၊ စက်မှုဇုန်မီးသတ်ကားများ စုစုပေါင်း ၁၀ စီးဖြင့် မီးငြိမ်းသတ်ကြရာ ၄ နာရီ မိနစ် ၂၀ တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ၄ နာရီ မိနစ် ၃၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးလောင်ကျွမ်းမှုကြောင့် ၈၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ပြီး ဆိတ် ၁၉ ကောင် မီးထဲပါသွားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)**

မီးလောင်မှုကြောင့် တဲကုန်းကျေးရွာမြရတနာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် မြို့နယ်အဆင့်တာဝန်ရှိသူများက ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ကျန်းမာရေးနှင့်အလှူခံမဏ္ဍပ်တို့ပါ ဖွင့်လှစ်စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ထီးချိုင့်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ကသာ ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ရေဝကျေးရွာအုပ်စု ဆင်ချွန်းကျေးရွာ၌ ဧပြီ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဦးထွန်းစိုး နေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့သည်။ အဆိုပါ မီးလောင်ရာနေရာသို့ ထီးချိုင့်မြို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် သက်ငယ်မိုး၊ ထရံကာ နေအိမ် ငါးလုံးနှင့် ပဲမှော်စင်တစ်လုံးတို့ မီးလောင်ကျွမ်းသွားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဘုရားဖူးယာဉ် တိမ်းမှောက် ခရီးသည် ၂၁ ဦး ဒဏ်ရာရ

ဝေါ ဧပြီ ၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မိုကတုံးကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၄/၃)အနီးတွင် ဧပြီ ၄ ရက် နံနက် ၈ နာရီခွဲခန့်က ညောင်လေးပင်မှ ကျိုက်ထိုသို့ဘုရားဖူးသွားသော ဘုရားဖူးယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ကျော်လွင် (၄၃)နှစ် ပိန်းဇလုတ်ကျေးရွာ ညောင်လေးပင်မြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် န/--- ဟိုင်းလပ်မီးခိုးရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ညောင်ခါးရှည်ရဲစခန်းမှ ယာဉ်မဆင်မခြင်မောင်းနှင်သူကျော်လွင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၅၇၈)

ရေတွင်းထဲပြုတ်ကျ သေဆုံး

ရန်ကုန် ဧပြီ ၆

ဧပြီ ၃ ရက် ညနေ ၆ နာရီတွင် ကျောက်တန်းဆေးရုံ၌ကလေးတစ်ဦး ရေနစ်သေဆုံးရောက်ရှိနေကြောင်း သတင်းအရ ယာယီဒုရဲမှူး ဝင်းမောင်နှင့်အဖွဲ့သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးသက်ပိုင်ထွေး၏သား နေမင်းခန့် (၂)နှစ် ရွှေပျောက်ရွာနေသူဖြစ်ပြီး နေမင်းခန့်သည် ညနေ ၅ နာရီခန့်တွင် နေအိမ်ရှေ့၌ ဆော့ကစားနေရာမှ အကျယ် ၁၀ ပေ၊ အနက် ၁၂ ပေ၊ ရေအနက် ၃ ပေရှိ ရေတွင်းထဲသို့ ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် ဒုရဲအုပ်ဝင်းနိုင်၏ တိုင်တန်းမှုအား ကျောက်တန်းရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၀/၁၃ ဖြင့် အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

(၃၁)

ကုန်တင်ရထားတွဲပေါ်မှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

မိုးကောင်း ဧပြီ ၆

မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် မိုးကောင်းဘူတာမှ ဝန်ထမ်းများ၊ မိုးကောင်းရဲစခန်းနှင့် ရထားရဲတပ်ဖွဲ့ တပ်ခွဲ(၁)တစ်စု(၁)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မိုးကောင်းဘူတာသို့ ဆိုက်ရောက်လာသော အမှတ် (၉၃၉) မန္တလေး-မြစ်ကြီးနား အဆန်ရထားတွဲ အမှတ် BBEZ 10536 ကို တွဲဖွင့်စစ်ဆေးရှာဖွေရာ တရားမဝင်ကျွန်းခွဲသား၊ ကျွန်းတံခါးနှင့် ကျွန်းပရိဘောဂ အစိတ်အပိုင်းမျိုးစုံ ၈၃၅ ချောင်း (၆ ဒသမ ၁၀၉ တန်)ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် တရားမဝင်သစ်များ လက်ခံသယ်ဆောင်လာသူ ရထားထိန်း ဦးခင်ဇော် (၄၉)နှစ် ဘူတာနယ်မြေကောလင်းမြို့နေသူအား မိုးကောင်းရဲစခန်းက (ပ) ၂၂/၂၀၁၃၊ သစ်တောဥပဒေ ပုဒ်မ ၄၃(က) အရအမှုဖွင့် အရေးယူထားပြီး ပိုင်ရှင်ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၉၉)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊
အမှတ်(၂၁၈-အိုင်)နေ
ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏ သား
မောင်ထူးထူးရှိန်ဦး B.Tech(IT)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၁၂၃)နေ
ဦးကျော်ညွန့်-ဒေါ်စန်းစန်းသိန်းတို့၏ သမီး
မစန္ဒာ B.A (Eng)
တို့သည် ၆-၄-၂၀၁၃ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထူးထူးရှိန်ဦး-မစန္ဒာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ H၊ မြေကွက်အမှတ်-၂၉၂၊ မြေကွက်တည်နေရာ အမှတ်(၅၃)၊ ဗိုလ်စိန်မှန်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ဦးဘသောင်း၊ ဦးစန်းမောင်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးဘသောင်း (ဖခင်)၊ ဒေါ်သန်းညွန့်(မိခင်) ကွယ်လွန်သဖြင့် (၁)ဦးကိုကိုနိုင်[၁၂/ဗဟန(နိုင်)၀၄၀၂၆၈]၊ (၂)ဦးကျော်နိုင်[၁၂/ဗဟန(နိုင်)၀၇၇၄၆၉]၊ (၃)ဦးသန်းနိုင်[၁၂/ဗဟန(နိုင်)၀၈၆၁၂၆]၊ (၄)ဒေါ်ဝင်းပပ[၁၂/ဗဟန(နိုင်)၀၁၆၉၉၆]၊ (၅)ဒေါ်ချစ်စုငြိမ်း[၁၂/ဗဟန(နိုင်)၀၈၆၈၉၄]၊ (၆)ဒေါ်စုစုမော် [၁၂/ဗဟန(နိုင်)၀၈၅၉၉၇] တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ ပူးတွဲပိုင်ရှင် ဦးစန်းမောင်[၁၂/ဗဟန(နိုင်)၀၇၃၂၉၄]နှင့် ပူးတွဲလျက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အရောင်းအဝယ်စာချုပ် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

GOLDEN STAR Travels & Tours

[illegible]	Apr-12
[illegible]	Apr-12
[illegible]	Apr-12
[illegible]	Apr-17
[illegible]	Apr-12,15,17

Ph: 209200, 544303, 430480, 703448, 09-5061580

အဆင့်မြင့် ကွန်ဒိုတိုက်ခန်းငှားရန်ရှိသည်

24hr ရေမီးအစုံ၊ ရုံးခန်းနှင့်လူနေခန်း ရွှယ်စုံ... ရန်အတွက် အသင့်နေထိုင်နိုင်သော အဆင့်မြင့် ကွန်ဒိုတိုက်ခန်းများငှားရန်ရှိသည်။
Excel Treasure Tower
520 [illegible] ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ Ph: 01-559744, 09-5030706

ပြန်ပို့ပေးပါရန်

သာကေတ ရေဝဏ်လမ်းတွင် အရေးကြီးကတ်ပြားများ၊ စာရွက်စာတမ်းများပါသော လက်ကိုင်အိတ် ကျပျောက်သွားသည်။ ကောက်ရသူမှ ကတ်ပြားများ၊ စာရွက်စာတမ်းများကို ပြန်ပို့/ကူညီ အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

မစန်းစန်းထွေး
တိုက်(အီး-၂)၊ အခန်း(၀၀၈)
ရှုခင်းသာအိမ်ရာ၊ သာကေတ
ဖုန်း-၀၉-၄၂၅၀၃၇၃၈

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးစောအောင်(ငြိမ်း) (အထွေထွေမန်နေဂျာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)- ဒေါ်သန်းသန်းမြင့်(ရောင်နီဦးရွှေဆိုင်နှင့်ရတနာလုပ်ငန်း) တို့၏သားကြီး၊ ဗိုလ်လင်းထက်အောင် M.B.,B.S(DSMA)၊ မခိုင်ရတနာထွန်းတို့၏အစ်ကို

မောင်သက်ထက်စောအောင်

B.A(English),Chief Mate(F.G)
Developmental Instructor(FIDE)

နှင့်

ရန်ကုန်မြို့နေ
ဦးအောင်မြင့်သိန်း-ဒေါ်ထွေးစိန်(SUPER ACTION FASHION)တို့၏သမီးငယ်၊
ကိုကျော်ရဲမင်း-မခိုင်ယဉ်မွန်(CONQUEROR FASHION)တို့၏ညီမ

ဒေါက်တာအေးသီမွန်

M.B.,B.S(YGN)
SUPER ACTION GOLD SMITH & JEWELLERY (BOGYOKE MARKET)

တို့၏ ၂၅-၅-၂၀၁၂ရက်(သောကြာနေ့) Sedona Hotel, Executive Clubတွင် ကျင်းပသော စေ့စပ်မင်္ဂလာတွင် မင်္ဂလာစေ့စပ်ပန်းကုံးစွပ်ပေးပါသော မြန်မာနိုင်ငံရဲတပ်ရင်းများ ကွပ်ကဲရေးမှူးရုံးမှူးချုပ် ဗိုလ်မှူးကြီး သူရဘိုနီနှင့်ဇနီး ဒေါ်ခင်မာအေး၊ စေ့စပ်လက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီး တင်ကိုကို(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)နှင့်ဇနီး ဒေါ်စန်းစန်းမြင့်တို့အားလည်းကောင်း၊ ၁၂-၂-၂၀၁၃ ရက်(ပြည်ထောင်စုနေ့) CHATRIUM HOTEL,Yangon & Mandalay Club တွင် ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုး ပေးပါသော တရားသူကြီး ဒေါ်သီတာလွင်နှင့် အသိသက်သေများအားလည်းကောင်း၊ ၂-၃-၂၀၁၃ရက်(တောင်သူလယ်သမားနေ့)တွင် နေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူတွင် ကြွရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ၂၃-၃-၂၀၁၃ရက်(စနေနေ့) Sedona Hotel(Grand Ballroom)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာဧည့်ခံပွဲ မတက် ရောက်နိုင်သော်လည်း အမှတ်တရမင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာ စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်ဇနီး ဒေါ်မူမူဆွေ ၊ မင်္ဂလာလက်စွပ်ချီးမြှင့် ပေးပါသော (ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း) ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုချီးမြှင့်ပေးပါသော တေးသံရှင်စောင်း ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Cupid Music Bandတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မစုသဲဖြူ၊ မင်္ဂလာ လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မခိုင်ရတနာထွန်း၊ မင်္ဂလာပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မတင်နီလာကျော်၊ မင်္ဂလာသတို့သားအရံ မောင်အောင်ဖြိုးကျော်နှင့် မောင်အောင်မျိုးကျော်၊ မင်္ဂလာသတို့သမီးအရံ မခိုင်သဇင်ထွန်းနှင့် ဒေါက်တာရည်မွန်သူတို့အားလည်းကောင်း၊ မိတ်ကပ်အလှဆင်ပေးပါသော လင်းလင်း(Make-up Artist)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံစီစဉ်ပေးပါသော ကိုဝင်းမြင့်(SHELL) ဗိုလ်ချုပ်ဈေးအား လည်းကောင်း၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော စကြာရွှေရည် စိန်ရွှေရတနာဆိုင်အားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်း တင်ပေးပါသော AKAI နှင့်အဖွဲ့ (Photo Studio)၊ Pre-wedding Photo နှင့် Dinner ဝတ်စုံစီစဉ်ပေးပါသော Forever Wedding Dress & Photo Studioအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော Eternal Flowersနှင့် နီနီပွိုင့်(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ မင်္ဂလာ ဖိတ်စာရိုက်နှိပ်ပေးပါသော အဏ္ဏဝါရွက်တိုင် ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် အစားအသောက်များတည်ခင်း ဧည့်ခံပေးသော Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၂၃-၃-၂၀၁၃ရက်၊ ညနေပိုင်း Dolphin Restaurant တွင် ကျင်းပသော မင်္ဂလာ ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဧည့်သည်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပ နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်ထက်စောအောင်-ဒေါက်တာအေးသီမွန်

မိဖုရားစောမွန်လှ တည်ထားကိုးကွယ်သော မြတ်ဘက်စေတီတော်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တင်လှူခြင်း ဖိတ်ကြားလွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်တွင် တည်ရှိသော မိဖုရား စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော မြတ်ဘက်စေတီတော်မြတ်ကြီးသည် ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော် ပြန်လည်ပြုပြင်ရန် လိုအပ်လာပါသဖြင့် နဂါးကိုးကောင် ဆရာ တော်မှ ဦးဆောင်၍ မန္တလေးမြို့၊ နိုင်ငံတော်သြဝါဒါစရိယ မြတောင်တိုက် "ရွှေဝါဝင်း ကျောင်း"ဆရာတော် ဦးသာသနာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးဝိစိတ္တာ ဘိဝံသ၊ တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဦးသုနန္ဒဆရာတော်များ၏ သြဝါဒကိုခံယူ၍ ခုနစ်ရက် သား၊သမီးအပေါင်း၏ အလှူဒါနတို့ဖြင့် ပြန်လည်တည်ထားကိုးကွယ်သော မိဖုရားစောမွန်လှ မြတ်ဘက်စေတီတော်မြတ်ကြီးအား (၁၃၇၄ ခုနှစ်၊ ဦးတန်ခူးလ ဆန်း ၇ရက်၊ နှစ်ဆန်း ၁ရက်)၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီ မင်္ဂလာ အချိန်တွင် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ ကျင်းပ မည် ဖြစ်ပါသည်။

ဘုရားအစ်မ စောမွန်လှ၊ မြနန်းနွယ်၊ နဂါးမယ်တော်ကြီးတို့နှင့် ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်အားလုံး သိုက်သိုက်ဝန်းဝန်း စုံစုံညီညီဖြင့် ကြွရောက်ပြီး ကုသိုလ် တော် အတူဆင်နွှဲကြပါရန် မေတ္တာရှေ့ထား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နဂါးကိုးကောင်ဆရာတော်နှင့်
အကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၃၀၇၂၉၁၀

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဆွေဇာအိုင် (အဖ) ဦးဆန်အုတ်၏ နိုင်ငံကူးလက်မှတ် (PP.M-360586) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၁၁၀၃၉

သစ်တောသစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဟ/၈၀၅၃၊ ၁ဟ/၆၈၇၆၊ အမျိုးအမည်Golden Deer၊ အမျိုးအစား TW၊ ယာဉ်လက်ဝယ်ရှိသူအမည် G.B.Sမှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာ ဆန့်ကျင်ပြီး မြန်မာလူမျိုး များ၏အမြင်တွင် မတင့် တယ်သည့် ဝတ်စားဆင် ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့် ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာ အနာတရ ဖြစ်စေပြီး အန္တရာယ် ဖြစ်စေသည့် ကြမ်းတမ်းသော ရေကစား မှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကို ပျက်ပြားစေ ပြီး ဆူပူမှုကိုဖြစ်စေနိုင် သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆိုမှု၊ ကြိုးပမ်းမှုများ မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

MMID

Mandalay Myotha Industrial Development Public Co,.Ltd.



"ခိုင်မာသော ဘဝ အာမခံရဖို့ MMID မှာ ရင်းနှီး မြှုပ်နှံစို့"

- မန္တလေးမြို့မှ (၃၆)မိုင်အကွာတွင် "မြန်မာနိုင်ငံရဲ့ နိုင်ငံတကာအဆင့်မီမြို့သစ်စက်မှုဥယျာဉ် နှင့် ဈေးဝယ်မြို့ ..." တို့ကို MMID မှတာဝန်ယူ အကောင်အထည်ဖော် နေပြီဖြစ်ပါတယ်.....
- MMID ရဲ့ ကုမ္ပဏီအစုရှယ်ယာများကို အများပြည်သူ အလုံးအရင်းနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန် အဓိကထားပြီးစတင်ရောင်းချပေးနေပါပြီ.....
- ရှယ်ယာစုများကို ပြန်လည်ရောင်းချခြင်း လွှဲပြောင်းခြင်းများကိုလည်း ကုမ္ပဏီမှ စီစဉ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်.....
- နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်များနှင့် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ပါသည်....

ရှယ်ယာတစ်စု = ၁သိန်း

အစုရှယ်ယာများကို ရန်ကုန် နေပြည်တော်နှင့် မန္တလေးမြို့ရှိ ဈေးဝယ်စင်တာကြီးများ မြန်မာ့စတိုးဆိုင်ဘက်ခွဲများနှင့် City Mart ဆိုင်ခွဲများတွင် ဝယ်ယူရရှိနိုင်ပါသည်။ အထက်ဖော်ပြပါနေရာများအပြင် ရန်ကုန်မြို့ (၄၄)လမ်း သံလွင်လမ်းရှိ RV School နှင့် မန္တလေးမြို့ရှိ MMID Head Office နှင့် Information Center တို့တွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

Head Office - 26th Between 56th & 60th Street. Aung Myae Thar Zan, Mandalay, Myanmar.
Information Center - (A1,A2) 62nd Street , Ngwe Taw Gyi Kone Quarter , Pyi Gyi Tagon Township, Mandalay, Myanmar.
Phone : 02-62151,02-65958,09-5000222,09-73249284 .
E.mail : hongyiqing8@gmail.com

Website - www.mmidproject.com



ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ နေ့စဉ်မပျက် ရေတော်ဝတ်ပြုလျက်ရှိ

မန္တလေး ဧပြီ ၆

၁၃၇၁ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်မှ စတင်ကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာတော်သစ်ခြင်းစသည့် နိဗဒ္ဓဝတ်ကို ပြုလုပ်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် သုံးနှစ်ပြည့်မြောက်ပြီဖြစ်သည်။ ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌသည် ခုနစ်ဆက်မြောက် ရေတော်ဆရာတော်ဖြစ်ကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂရုဓမ္မဝေယျာဝစ္စရေတော်ဝတ်ကို တစ်ရက်မပျက် ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

(၀၀၂)

မြေမြှုပ်မိုင်းများ၊ စစ်ကျန်ပေါက်ကွဲပစ္စည်းများ စစ်တမ်းကောက်ယူခြင်း အလုပ်ရုံဆွေးနွေး

ထားဝယ် ဧပြီ ၆

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေမြှုပ်မိုင်းများ၊ စစ်ကျန်ပေါက်ကွဲပစ္စည်းများနှင့်စပ်လျဉ်းသည့် ထိခိုက်မှုကို အသိပညာ၊ သဘောထားနှင့် အမူအကျင့်စစ်တမ်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၄ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်က မြန်မာနိုင်ငံ၏မိုင်းအန္တရာယ်ရှိသည့် ဒေသများတွင် နေထိုင်သည့် ကလေးသူငယ်များနှင့် ၎င်းတို့၏မိသားစုဝင်များအကြား မိုင်းကြောင့် ထိခိုက်မှုလျော့ကျစေရန်နှင့် မိမိကိုယ်မိမိ မိုင်းအန္တရာယ်မှကာကွယ်နိုင်ရန် မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာန မြန်မာနိုင်ငံ Unicef နှင့် Danish Church Aid တို့ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ မိုင်းကြောင့် ထိခိုက်မှုလျော့ကျစေရန် သိရှိစေရန်နှင့်အန္တရာယ်ရှိသော အမူအကျင့်များ ပြောင်းလဲရန်လိုအပ်ပါကြောင်း၊ ပညာပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ၎င်း၏ဆွေးနွေးချက်ကို အကြံပြုဆွေးနွေးကြသည်။

(တိုင်း ပြန်/ဆက်)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရိုးရာယဉ်ကျေးမှု အကအလှများ နိုင်ငံခြားခရီးသွားတို့ စိတ်ဝင်စား

သီပေါ ဧပြီ ၆

သီပေါမြို့နယ်တွင် နယ်မြေအေးချမ်းသာယာပြီး တောင်သူဦးကြီးများ ငွေစရွှင်ချိန်ဖြစ်သဖြင့် ဘာသာရေးပွဲတော်များနှင့် စုပေါင်းရှင်ပြုရဟန်းခံပွဲများ နေ့စဉ်နှင့်အမျှ ခြိမ့်ခြိမ့်သဲ စည်ကားစွာကျင်းပလျက်ရှိကြသည်။

သီပေါမြို့နယ် ကျေးလက်စုပေါင်းအလှူဒါနပြုပွဲတစ်ခုတွင် ကမ္ဘာလှည့်နိုင်ငံခြားခရီးသွားအုပ်စုမှ ရိုးရာယဉ်ကျေးမှု ကိန္နရီကိန္နရာနှင့် တိုးနယားအကများကို စိတ်ဝင်တစားကြည့်ရှုလေ့လာပြီး အလှူဒါနပါဝင်လှူဒါန်းခဲ့ကြသည်ကို ဧပြီ ၁ ရက်က မှတ်တမ်းပြုခဲ့သည်။**(အောက်ပုံ)** **စိုင်း(သီပေါ)**

မြင်သူတကာ အမြင်အေးချမ်းစရာ

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး ဆေးခန်းအနီးတွင်ရှိသော ပြည်သူ့ရေချမ်းစင်လေးမှာ မြင်သူတကာ အမြင်အေးချမ်းစရာပင်ဖြစ်သည်။**(အပေါ်ဝဲပုံ)**ယခုအခါ ရန်ကုန်မြို့လယ်အတွင်း သောက်ရေသန့်စက်များဖြင့် ပြုလုပ်ထားသော ရေချမ်းစင်များပြားခဲ့ပြီး ယင်းကဲ့သို့ သဘာဝမြေအိုးများဖြင့်ပြုလုပ်ထားသော ရေချမ်းစင်များမှာ အတော်အတန်ရှားပါးကာ ယင်းနေရာအနီး ဒဂုံပန်းခြံ၏တစ်ဖက်တစ်ချက်၌ရှိသော သစ်ပင်များမှ ရေချမ်းစင်လေးအား အုပ်မိုးပေးထားသည်။ ဖြတ်သန်းသွားလာသော မိဘပြည်သူများအတွက် အမြင်အေးချမ်းစရာပင်ဖြစ်သည်။ **(စိုးဝင်း-MLA)**

ရွှေရသာ စားသောက်ဆိုင် SHWE YATHAR RESTAURANT
သင်္ကြန် အထူးအစီအစဉ်
နံနက် (၆:၀၀) မှ ည ၁၁:၀၀ အထိ
SHWE YATHAR RESTAURANT

FAME Diarstat®
For bacillary dysentery and diarrhea
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Biogurt®
Probiotic supplement
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကုက္ကိုင်းရေကူးအသင်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်(၅၃)၊ တိုက်အမှတ်(A-3)၊ ဒုတိယထပ်(ခေါင်းရင်းခန်း)၊ (တိုက်ကိုမျက်နှာမူပါက (ယာ)ဘက်အခြမ်း)၊ အကျယ်အဝန်း ပေ(၂၀×၆၀)အကျယ်ရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခင်ဇော်[၁၂/တတန(နိုင်)၀၆၈၄၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာ LL.B,D.B.L,D.I.L,D.I.R,C.B.D.S(MOFA)
အထက်တန်းရှေ့နေ(စဉ်-၃၃၁၆၇)
"ရွှေနန်းစံ"ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့်
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း
အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးစေတီလမ်း၊ ၉ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၇၃၁၄၆၅၅၁၊ ၀၉-၇၃၁၇၃၉၈၇၊ ၀၉-၄၂၀၀၀၃၈၇၄၊
၀၉-၄၂၀၀၀၃၈၇၃၊ ၀၉-၄၂၀၀၀၃၈၇၂

DP Dream Paradise
Travels & Tours Co.,Ltd
April 12 , 13
< 5 D - 4 N >
< 3 D - 3 N >

အိမ်ငှားမည်

မြေ ၂၈၀၀၊ Sqft တစ်ထပ်တိုက်၊ အိပ်ခန်း ၃ ခန်း၊ တယ်လီဖုန်းပါသည်။ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မင်းရဲကျော်စွာလမ်းထောင့်။

ဦးကျော်ဝင်း
ဖုန်း-၀၉-၅၁၅၇၆၀၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၂/၁၈၅၊ မြေကွက်တည်နေရာ-၃၇၅၊ ၁၃လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်(ဦးရွှေဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရွှေဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်အေးဝင်း[၁၂/ဒပန(နိုင်)၀၀၄၂၃၈]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်-၈၆၊ မြေကွက်တည်နေရာအမှတ်-၈၆၊ စံပယ်လမ်း၊ ရွှေပြည်သာမြို့နယ်(ဗိုလ်မှူးနီဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးနီဝင်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသင်း[၁၂/ဗတထ(နိုင်)၀၁၃၀၈၈]မှ သေစာရင်းမိတ္တူ၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

ဦးညိုလဲ့က တဆတ်ဆတ် ခေါင်းညိတ်ပြနေ၏။ ဦးတုတ်ဝင်းက မျက်မှောင်ကြုတ် စဉ်းစားနေပြီးမှ မေး၏။

"ပဋိပက္ခဖြစ်တာနဲ့ ကြောက်လန့်ခြင်းနဲ့ စိုးရိမ်မှုတွေက ဘယ်က ပေါ်လာတာလဲ"

"ဘယ်ဒင်းဟာ ကောင်းတယ်၊ ဘယ်ဒင်းဟာမကောင်းဘူး၊ ဘယ်ဒင်းဟာ မြတ်တယ်၊ ဘယ်ဒင်းဟာ ယုတ်တယ်၊ အဲဒီ 'လူမှုတန်ဖိုး'တွေကို လူ့ဘောင်က သတ်မှတ်တယ်၊ ဆက်ဆံမှု ပုံသွင်းခြင်းဖြစ်စဉ်၊ တစ်နည်းက လူမှုရေးသင်ယူခြင်းကတစ်ဆင့်၊ ကလေးတစ်ယောက်မှာ လူမှုတန်ဖိုး အသိစိတ်ကဝင်နေပြီး၊ မကောင်းတာ၊ ယုတ်တာကိုလုပ်ရမှာ အဲဒီအသိစိတ်က ကြောက်တယ်၊ ကျွန်တော်တို့မှာ စကားတွေရှိတယ် မဟုတ်လား၊ လိပ်ပြာမသန့်ဘူး၊ စိတ်မလုံဘူး၊ ကိုယ်စောင့်နတ်က သိလိမ့်မယ်ဆိုတာတွေလေ၊ ကြောက်ရွံ့စိုးရိမ်ခြင်းဟာ အဲဒီကလာတယ်၊ စိတ်ပဋိပက္ခဖြစ်တဲ့အခါ ထိန်းသိမ်းကွပ်ညှပ်ဆန္ဒက အရိုင်းဆန္ဒကို ကြေအောင် မချေနိုင်ဘူးလို့ပဲ ဆိုကြပါစို့၊ အဲဒီ အရိုင်းဆန္ဒပေါ်တိုင်း ကြောက်တော့ စိုးရိမ်တော့တာပဲ၊ ရှင်းပါတယ်နော်"

ဦးတုတ်ဝင်းက "ရှင်းပါပြီ၊ မွန်မွန့်အကြောင်း ဆက်ပါဦး"ဟု တိုက်တွန်းသည်။

"ဆရာဝန်တစ်ဦးမှာ လူနာရဲ့ အတွင်းရေးကို ထိမ်ဝှက်ထားရမယ့် တာဝန်ရှိသလို ကျွန်တော့်မှာလည်း ရှိတယ်၊ ဒီတော့ သဘောလောက်ပဲ ကျွန်တော် ပြောမယ်"

"အင်းပါ သဘောလောက်ပဲပေါ့"

"သဘောလောက်ပြောမှာမို့ စကားလုံးလွတ်လပ်မှုကို ကျွန်တော် သုံးတော့မယ်၊ ဘာသာရေး . . . အထူးသဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ 'ကုသိုလ်စိတ်'နဲ့ 'အကုသိုလ်စိတ်'ကို ခွဲတယ်၊ တစ်နည်းတော့လည်း သဂြိုဟ်နဲ့ အဘိဓမ္မာမှာ သုံးတဲ့စကားတွေဟာ 'ပရမတ်' ဆိုင်ရာ စကားတွေမို့ 'သိပ္ပံနည်းကျ'စကားတွေအဖြစ် ကျွန်တော်တို့ သုံးနိုင်တယ်၊ ထားပါတော့လေ၊ ပုထုဇဉ်လူမှာ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်ဟာ ဒွန်တွဲနေတယ်၊ ဘယ်ပုထုဇဉ်မှ မလွတ်ကင်းနိုင်ဘူး၊ ကလေးဘဝ အတွေ့အကြုံတစ်ခုကြောင့် မွန်မွန့်မှာ မလွှဲမရှောင်သာဘဲ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ် ပဋိပက္ခဖြစ်ရရှာတယ်၊ အဲဒီ အကုသိုလ်စိတ် တိုက်တွန်းရာပြုမယ့် လက်တစ်ဖက်ကို သေနေအောင် စိတ္တဇဒဏ်ခတ်ထားတယ်၊ အဲဒီလောက်ပဲ ပြောချင်တယ်ဗျာ၊ စောစောက ရှင်းပြခဲ့တဲ့ သဘောတွေနဲ့ ယှဉ်စဉ်းစားကြ"

သည်တစ်ကြိမ်တွင်မူ ဦးညိုလဲ့က မေးသည်။

"ဒါကို ပျောက်အောင် ခင်ဗျား ဘယ်လိုလုပ်လိုက်သလဲ"

"စိတ္တဇကုသရေးမှာ ကုသူက ပျောက်အောင်လုပ်တာ မဟုတ်ဘူး၊ ဝေဒနာရှင်ကသာ ကိုယ့်ကိုယ်ကို ပျောက်အောင်လုပ်တာ၊ ဆိုလိုတာက ဝေဒနာရှင်ဟာ ကိုယ့်ကိုယ်ကို အမှန်အတိုင်း သိမြင်သွားအောင် ကုသူကကူညီပေးတာ၊ စကားပြောခိုင်းတာပါပဲ၊ ခင်ဗျားတို့လည်း ကြုံဖူးပါလိမ့်မယ်၊ သိပ်ဒေါသဖြစ်တဲ့အခါ၊ သိပ်ဝမ်းနည်းတဲ့အခါ၊ သိပ်ကြောက်တဲ့အခါ၊ တစ်ယောက်တည်း ကျိတ်မြုံထားရင် ပိုဆိုးတယ်"

ဦးညိုလဲ့က ဦးတုတ်ဝင်းကို ဒူးချင်းတိုက်ပြီး မေး၏။

"ဟုတ်လား ကိုတုတ်ဝင်း"

"ဘာ . . . ဟုတ်လားလဲ"

"ကျိတ်မြုံထားတာ ဆိုးမဆိုး၊ ခင်ဗျား လူပျိုကြီးမသိဘူးလား"

"တော်စမ်းပါ၊ ပိန္နဲတိုင် လာခိုက်နေပြန်ပြီ၊ ဦးမြင့်နွယ် ဆက်ဗျာ"

"တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်ရရင် ရင်ထဲမှာ သက်သာသွားတယ်၊ ကမ္ဘာဦးတည်းက ဓမ္မတာပါ၊ ဖွင့်ထုတ်လိုက်ရရင် သက်သာတယ်၊ ဒီလိုပဲပြောနေကြတာ၊ စကားအဖြစ်နဲ့ဖွင့်ထုတ်လိုက်ရရင် ဒေါသတို့၊ ဝမ်းနည်းခြင်းတို့၊ ကြောက်ခြင်းတို့ဆိုတဲ့ 'တင်းအား'တွေဟာ လျော့သွားတတ်တယ်၊ အဲဒါဟာ စိတ်ရဲ့'နိယာမ'တစ်ခုပဲ၊ အဲဒီနိယာမကို ပါမောက္ခဖရွိုက်ကတွေ့သိပြီး ဖြည့်စွက်မွမ်းမံသုံးသွားတာ၊ စိတ္တဇအင်အား လျော့သွားတဲ့အခါ ဒီတင်းအားက ဖိလာကာထားတာတွေကို 'ခွဲခြမ်းသိမြင်စွမ်း' ဝင်လာတယ်၊ ခွဲခြားသိမြင်စွမ်းဟာ ကိစ္စသုံးရပ်ကို တစ်ပြိုင်နက်ပြီးစေတယ်၊ 'သိ-ပယ်-ဆိုက်-ပွား'တဲ့၊ အခု မွန်မွန်ဟာ သိပြီမို့ ပယ်ရမှာကိုလည်း ပယ်ပြီးသွားပြီ ဆိုပါတော့"

ဦးတုတ်ဝင်းက မဆီမဆိုင် သက်ပြင်းရှည်ကြီး ချလိုက်ပြီး မေး၏။

"ပယ်ပြီးပြီဆိုတော့ မွန်မွန့်မှာ ဒီရောဂါထပ်မဖြစ်တော့ဘူး ဟုတ်လား"

"စိတ်ရောဂါဆိုတာဟာ ခက်တယ် ကိုတုတ်ဝင်း၊ ရုပ်လိုမြင်ရတွေ့ရတာတွေနဲ့ ကျွန်တော်တို့က ဆက်ဆံနေရတာ မဟုတ်ဘူး၊ အခုအထိတော့ မူလလက္ခဏာဟာ မရှိတော့ဘူး၊ ပျောက်ပြီဆိုနိုင်တယ်၊ တစ်ခါတလေ လက္ခဏာတစ်ခု ပျောက်သွားပြီး တခြားလက္ခဏာတစ်ခုက ပေါ်လာတတ်သေးတယ်၊ အချိန်တော့ ယူရတယ်လေ"

"ခင်ဗျား မွန်မွန့်ကို ဆက်ကုရဦးမှာပေါ့"

ဦးမြင့်နွယ်က ခေါင်းကို လေးပင်စွာ ခါသည်။

"ဘာပြုလို့"

"ကျွန်တော် ရန်ကုန်တက္ကသိုလ် ပြန်ရတော့မယ်"

"ဟင် . . . မြန်လှချည်လား"

"ခင်ဗျားတို့လည်း သိသားပဲ၊ ဒီမှာ ကထိကရာထူး မပေါ်သေးလို့ ကျွန်တော်က အွန်လုန်း (ယာယီ)လာရတာ၊ အခု ဒီနွေမှာ ဒီကအတွက် အမြဲတမ်းရာထူးရမယ်၊ ကျွန်တော်က မားသားဒပတ်မန့် (မူလဌာန)ကို ပြန်ရမှာပေါ့"

"ဟာဗျာ နေရာချင်း လဲလိုက်ပါလား"

"ပထမတော့ ကျွန်တော် ဒီလိုပဲစိတ်ကူးတယ်၊ ဒါပေမယ့် ဟိုက ပါမောက္ခက သဘောမတူဘူး၊ ပြီးတော့ အဲ . . . ကျွန်တော့်ရဲ့ မမျှော်လင့်တဲ့ ကိုယ်ရေးကိုယ်တာတစ်ခုကလည်း ပေါ်လာတယ်"

ဦးညိုလဲ့လည်း သက်ပြင်းချ၏။

"စကားစပြောတုန်းကတော့ စိတ်ချမ်းသာစရာ၊ နိဂုံးကျမှ ဝမ်းနည်းစရာ၊ ကျွန်တော်တို့ ခွဲကြရဦးမှာပေါ့"

ဦးတုတ်ဝင်းကလည်း ဆို၏။

"အေးဗျာ သုံးယောက်သား ဒီမှာ ပျော်ပျော်ပါးပါးဟာကို၊ ကျွန်တော်တို့ကတော့ ထားတော့ဗျာ၊ မွန်မွန့်ကို ခင်ဗျား ဒီလိုပဲ တစ်ပိုင်းတစ်စကြီး ထားခဲ့မှာလား"

"တစ်ပိုင်းတစ်စဆိုလည်း ဟုတ်တယ်၊ မဟုတ်ဘူးဆိုလည်းဟုတ်တယ်၊ ရှေ့လျှောက် မွန်မွန့်အတွက်က ကျွန်တော့်အစွမ်းရဲ့ ဟိုဘက်ရောက်သွားပြီ၊ သူ့မိဘကို နားလည်အောင်ပြောခဲ့ရမှာပဲ၊ ပြီးတော့လည်း ကျွန်တော် မရှိတော့ပေမယ့် ကျွန်တော်တို့ဌာနက မွန်မွန့်ကို အကူအညီဆက်ပေးသွားမှာပါ"

> "ပုထုဇဉ်လူမှာ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်ဟာ ဒွန်တွဲနေတယ်၊ ဘယ်ပုထုဇဉ်မှ မလွတ်ကင်းနိုင်ဘူး၊ ကလေးဘဝ အတွေ့အကြုံတစ်ခုကြောင့် မွန်မွန့်မှာ မလွှဲမရှောင်သာဘဲ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ် ပဋိပက္ခဖြစ်ရရှာတယ်၊ အဲဒီ အကုသိုလ်စိတ် တိုက်တွန်းရာပြုမယ့် လက်တစ်ဖက်ကို သေနေအောင် စိတ္တဇဒဏ်ခတ်ထားတယ်"

ညဉ့်နက်ပြီဖြစ်သောကြောင့် ဦးမြင့်နွယ်က နေရာမှထသဖြင့် ဦးညိုလဲ့လည်း လိုက်ထသည်။

ဦးညိုလဲ့၏အိမ်က ဦးမြင့်နွယ်၏ အိမ်နှင့်တစ်တန်းတည်းတွင် ဖြစ်သောကြောင့် နှစ်ဦးသား ကားနှင့်အတူပြန်လာကြသည်။

ဦးညိုလဲ့၏ အိမ်ဝတွင် ဇနီးက ဆီးကြိုနေ၏။

"ခင်ရေ သားအိပ်ပလား"

"မအိပ်သေးဘူး၊ မောင်သိပ်တာ စောင့်နေတာ"

"ဟုတ်လား၊ ဒီလိုဆို ထမ်းသိပ်ရဦးမှာပေါ့၊ အိုကေ ကိုမြင့်နွယ်၊ သန့်ခ်ယူ ဂွဒ်နိုက်"

"ဂွဒ်နိုက်"

မိမိအိမ်ဆီ ပြန်လာစဉ် ဦးမြင့်နွယ်၏ ရင်မှာဟာနေသည်။ ဝမ်းနည်းပမ်းနည်းလည်း ဖြစ်မိသတည်း။

ဟိုရှေးယခင်ကတော့ သည်နေရာမှာ အောင်ပင်လယ်ကန်ရိုးဟု ဆိုသည်။ ယခုတော့ ပြင်ဦးလွင်တက်သည့် လမ်းမကြီး ဖြစ်နေသည်။

အရှေ့ဘက်ဆီမှာတော့ ရှမ်းရိုးမကြီးက ဆန့်တန်းလဲလျောင်းနေသည်။ တောင်စောင်းတွေမှာ တောမီးလောင်၍ မီးခိုးတအူအူလည်း ရှိနေသည်။

မြူပြာပြာကတော့ ရှုလေတိုင်းမှာ အုံ့ဆိုင်းနေသည်။ ရိုးမပေါ်လည်း အုံ့ဆိုင်းနေသည်။ တောတန်းရွာစုတို့ပေါ်မှာလည်း အုံ့ဆိုင်းနေသည်။ တပေါင်းအခါမို့ ညနေစောင်းတွင် နှင်းရိပ်နှင်းငွေ့ကို မြူနှင့်ရော၍ မြင်ရသည်။

လေမှာလည်း ရွက်ဝါတို့ ဝဲနေပါ၏။

"ဆရာ"

"ဘာလဲ မွန်မွန်"

"သိပ်သာယာတာပဲနော်"

"အင်း"

"အစက မန္တလေးကို လှတယ်လို့ မွန်မွန် မထင်ဘူး၊ အခုတော့လည်း သိပ်လှတာပဲ၊ ဩော် . . . ဆရာပြောသလိုပါပဲလေ၊ လောကကြီးဟာ မဆိုးပါဘူး၊ ဘယ်ဆိုးလို့လည်းနော် . . . ဆရာ"

"ဒါပေါ့ကွယ်"

"မာမီက အခုနွေမှာ ဘိုးဘိုးတို့ဆီ မိုးကုတ်ကိုသွားကြမယ်တဲ့၊ မွန်မွန် နေကောင်းသွားတာ တွေ့ပြီး ဘိုးဘိုးတို့ ဝမ်းသာရအောင်တဲ့၊ ဆရာရယ် အမှန်က မန္တလေးက မွန်မွန် ဘယ်ကိုမှ မသွားချင်တော့ပါဘူး၊ ဒီမှာလည်း မွန်မွန် ပျော်နေတဲ့ဥစ္စာ"

"မွန်မွန့်မာမီပြောတာ မှန်တယ်လေ၊ မွန်မွန့် ဘိုးဘိုးနဲ့ ဘွားဘွားတွေဟာ ခုလို မွန်မွန့်ကိုတွေ့ရရင် သိပ်ပျော်ကြမှာပေါ့"

"ဆရာကလည်း မွန်မွန့်ကို သွားစေချင်တာပဲလား"

"သွားစေချင်တာပေါ့"

"ဘာပြုလို့လဲ"

"ဩော် . . . မွန်မွန်ရယ်၊ ဘာရယ်တော့ ဟုတ်မလဲ၊ မွန်မွန့်အတွက် အပြောင်းအလဲ ဖြစ်တာပေါ့၊ မဟုတ်ဘူးလား"

"အပြောင်းအလဲ၊ မွန်မွန့်ဖို့ အပြောင်းအလဲက လိုသေးလို့လား၊ မွန်မွန်ဖို့ တစ်လောကလုံးက ပြောင်းလဲသွားပြီပဲဥစ္စာ"

"ဆရာက မွန်မွန့်အတွက် အပြောင်းအလဲ လိုသေးတယ်ဆိုရင်ကော"

မွန်မွန်က သူ့ကို လှည့်ကြည့်သည်။ သူကလည်း မွန်မွန်၏ မျက်နှာလေးကို စူးစိုက်ပြီး ပြန်ကြည့်သည်။

မွန်မွန်က သူ့မော်တော်ကားဖြူလေးကို မှီလျက်ရပ်နေခြင်းဖြစ်သည်။ နုလွင်သော ဖက်ဖူးရောင် ထဘီအင်္ကျီနှင့် ကြော့ဝင်းနုစိုသော မွန်မွန်၏ ကိုယ်လေးသည် ကားဖြူနောက်ခံဖြင့်ပန်းချီရုပ်လေးကဲ့သို့ လှပနေသည်။ မြင်ရသည်မှာ ဘဝင်အေးဖွယ်ရှိသည်။

"မွန်မွန့်အတွက် ဘာအပြောင်းအလဲ လိုသေးလို့လဲဟင် ဆရာ"

သူ့ရင်မှာ ထိခိုက်မိသည်။ ရွှန်းစိုသန့်စင် ကြည်လင်သော မွန်မွန်၏ မျက်နှာလေးကို ငေးကြည့်မိစဉ် သူ့ရင်မှာ ထိခိုက်မိသည်။

ဟိုး . . . တစ်ခါတုန်းက ကဲ့သို့ပင် ထိခိုက်မိသည်။

ဩော် . . . သည်အရွယ်၊ သည်ရုပ်ရည်မျိုးနှင့် တစ်ကြိမ်ကလည်း တစ်ယောက်ကို ခွဲခွာမှုစကား ဆိုခဲ့ရသည်။

(ဆက်လက်ဖော်ပြပါမည်)

★New Star

09 5139002, 09 448024590

AA. CNG (ည)
ယာဉ်မောင်းလိုသူများဆက်သွယ်ရန်။
am.pm group
ဖုန်း-၀၉ ၅၀၁၇၇၄၉

Golden Spider

09 73130346 09 423720047

OASIS

ခရုံမြို့သစ်
မြောက်ပိုင်း
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်
များရှိမြေကွက်များကို
ရောင်းပေးဝယ်ပေးမည်။
09 5039562
09 730 49875

ပင်လယ်ကူးသင်္ဘောသားများသို့

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF) ရွေးချယ်တင်မြှောက်ပွဲတွင် မဲပေးမည့်သူများသည် အဖွဲ့ချုပ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ အဖွဲ့ချုပ်အဖွဲ့ဝင်များဖြစ်ရပါမည်။

ယခင်(MOSA)အဖွဲ့ဝင်ဟောင်းများသည် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် (MSF) အဖွဲ့ချုပ်အဖွဲ့ဝင်ကတ်ပြားများကို ၁၀-၅-၂၀၁၃ရက် နောက်ဆုံးထား၍ အခမဲ့လာရောက်ထုတ်ယူပါရန် အကြောင်းကြားအပ်ပါသည်။

ဓာတ်ပုံ(၂)ပုံနှင့် (MOSA)ကတ်ပြားဟောင်းယူဆောင်လာပါရန်။

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

ပျောက်ဆုံးကြောင်း ကျွန်တော် မောင်ရဲကိုကိုခန့် ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် ၀၈-၀၇၉၈၀၀သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၄၂၁၇၃၅၆၀၈**

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၅၁လမ်း၊ အမှတ်(၁၇၀/၁၇၂)၊ ၄လွှာ(ဝဲဘက်ခြမ်း) တိုက်ခန်းကို ပိုင်ဆိုင်သည်ဟုအဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဦးအေးချို[၁၂/ကမတ(နိုင်)၀၄၈၆၈၄]ထံမှ ဝယ်ယူရန် သဘောတူညီခဲ့ကြပြီး တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများကို ယူဆောင်၍ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ရောင်းဝယ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စုစုဖြိုး(LL.B.,D.B.L)
အထက်တန်းရှေ့နေ
(စဉ်-၃၇၆၄၇)

ဒေါ်ချိုရီ(စဉ်-၁၉၁၁)(B.Sc.,H.G.P.,R.L.,D.B.L)
ဒေါ်ခင်အိအိအောင်(စဉ်-၇၆၆၄)(LL.B.,D.I.L)
တရားလွှတ်တော်ရှေ့နေများ

အမှတ်-၁၃၂၊ ၅၁လမ်း၊ ပထမထပ်၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၂၀၃၁၇၆၊ ၂၉၅၉၇၅၊ ၀၉-၇၃၂၃၇၀၉၆၊ ၀၉-၅၄၀၄၉၄၁

ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ သင်္ကြန်တွင်း(၁၀)ရက် တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယလမ်းစဉ်နှင့်အညီ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ)ဦးစီး၍ ဦးဇာနိဿရ(သဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မာစရိယ) ဦးကေသရ(ဓမ္မာစရိယ၊ သာမဏေကျော်) ဦးအဂ္ဂဝံသ(ဓမ္မာစရိယ) နှင့် ဦးနိ(ပါရမီ)တို့မှ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် ၁၁-၄-၂၀၁၃ ရက်မှ တန်ခူးလဆန်း ၁၀ရက် ၂၀-၄-၂၀၁၃ ရက်အထိ ၁၀ ရက်တိုင်တိုင် ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသပို့ချပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသူ ယောဂီသူတော်စင်များအနေဖြင့် ၁၀-၄-၂၀၁၃ ရက် ညနေခင်းမှ စတင်ဝင်ရောက်နိုင်ပြီး ၁၂-၄-၂၀၁၃ ရက် နံနက်မှစ၍ စတင်တရားအားထုတ်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။မိမိတို့၏ တစ်ကိုယ်ရေအသုံးအဆောင်များနှင့် ဖျာ၊ ခေါင်းအုံးစသည်များ တစ်ပါတည်း ယူဆောင်လာပါရန် အသိပေးအပ်ပါသည်။

သာသနာနုဂ္ဂဟအဖွဲ့
ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရန်ဖုန်း-၀၁-၉၆၉၉၁၆၃၊ ၀၁-၆၃၈၀၈၇၊ ၀၉-၅၀၁၁၂၇၉

သီတဂူဆရာတော်ကြီးအမှူးပြု၍ ဇဝနရပ်ကွက်၊ ဗုဒ္ဓဘာသာလုံးဆိုင်ရာ "မြန်မာနှစ်သစ်ကူးအကြို"တရားပွဲ ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဗုဒ္ဓဘာသာလုံးဆိုင်ရာ မြန်မာနှစ်သစ်ကူးအကြိုအထူးတရားပွဲကို (၁၃၇၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်မှ တန်ခူးလဆန်း ၂ ရက်) ၂၀၁၃-ခုနှစ်၊ ဧပြီလ ၉ ရက်မှ ၁၂ ရက်အထိ (၄)ညတိုင်တိုင်၊ ညစဉ် ၇း၀၀ နာရီတိတိတွင် အောက်ပါဓမ္မကထိက ဆရာတော်များဖြင့် ကျင်းပပူဇော်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဓမ္မမိတ်ဆွေများအနေဖြင့် တရားပွဲဆင်ယင်ကျင်းပမည့် ဇဝနရပ်ကွက်သို့ အောက်ပါနေ့ရက်များတွင် တရားတော်အတူတကွ နာယူနိုင်ပါရန် လေးမြတ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(၁) ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် ၉-၄-၂၀၁၃ ရက်(အင်္ဂါနေ့) ည ၇း၀၀ နာရီ	ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ ကျောက်တစ်လုံးဆရာတော် ပဋ္ဌာနိကာယဏ္ဏဝပိဋကတ္တပါရဂူ၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျောက်တစ်လုံးတောရကျောင်းတိုက်
(၂) ၁၃၇၄ ခုနှစ် တပေါင်းလကွယ် ၁၀-၄-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၀၀ နာရီ	ဘဒ္ဒန္တ သီရိကဥ္စနာဘိဝံသ ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့ရ ဒွိပိဋကဓရ၊ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်)၊ ဗဟန်းမြို့နယ်။
(၃) ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် ၁၁-၄-၂၀၁၃ ရက်(ကြာသပတေးနေ့) ည ၇း၀၀ နာရီ	ဘဒ္ဒန္တ စန္ဒသာရ ကျောင်းကုန်းဆရာတော် သာသနဓဇဓမ္မာစရိယ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက် ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
(၄) ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် ၁၂-၄-၂၀၁၃ ရက်(သောကြာနေ့) ည ၇း၀၀ နာရီ	သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အဓိပတိချုပ်၊ (D.Lit, Ph.D)

ဓမ္မမိတ်ဆွေများပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ပါသည်။

ကျင်းပရေးကော်မတီ

ဖုန်း-၀၉-၄၅၆၇၁၄၅၆၇၊ ၀၉-၄၅၀၀၀၈၁၄၂၊ ၀၉-၅၁၁၄၄၈၆၊ ၀၉-၅၃၂၀၅၇၉၊ ၀၉-၅၀၆၉၆၁၉

ရွှေရတုမင်္ဂလာဆုတောင်း

မိဘနှစ်ပါးဖြစ်သော

ဒုတိယဗိုလ်မှူးကြီးဝင်းမောင်(တပ်မတော်လေအငြိမ်းစား) အင်ဂျင်နီယာချုပ် မြန်မာလေကြောင်းငြိမ်း)နှင့် **ဒေါ်ခင်ဆွေတင့်**(JOYCE)တို့ရဲ့ ၇-၄-၂၀၁၃ ရက်တွင် ကျရောက်သော ရွှေ ရတုမင်္ဂလာရက်မြတ်တွင် ချစ်သားသမီး၊ မြေးများနှင့်အတူ သာသနာအကျိုး သယ်ပိုးရင်း တရားထူးတရားမြတ်ရရှိနိုင်ပါစေ။

ချစ်သားသမီးများ

ကိုမိုးကျော်သူ (3rd Engineer)
ဗိုလ်ရဲကျော်သူဝင်း [B.Sc(DSA)]
Teacher မေကျော်သူဝင်း
ကိုဝဏ္ဏကျော်သူဝင်း (Silk Air)နှင့် မမြတ်မြတ်ထွန်း(Air Bagan)
မကေခိုင်ကျော်သူဝင်း(SSC)
နှင့်
မမြတ်ယမင်း(မီးမီးယုန်) အထက-၂၊ ကမာရွတ်
မောင်သူရိန်လင်း(သားသားယုန်) အမက-၂၊ ကမာရွတ်

မေတ္တာရပ်ခံချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တွင်း၌ ယာဉ်ရပ်နားကန့်သတ်ဇုန်ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ မြို့နယ်အချို့တွင် ယာဉ်စောင့်လုပ်ငန်းကောက်ခံခြင်းနှင့် ပုဂ္ဂလိက အိမ်ခန်းများရှေ့တွင် အခွန်ပေးဆောင်၍ ကိုယ်ပိုင်ယာဉ်ရပ်နားရန်နေရာများ ခွင့်ပြုပေးခြင်းတို့ကို ၂၀၁၃ ခုနှစ် မတ်လ (၃၁)ရက် နေ့အထိ ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ ရန်ကုန်မြို့တွင်း တိုးတက်များပြားလာသည့် ယာဉ်စီးရေများကြောင့် ယာဉ်ကြောကြပ်တောက်မှုများဖြစ်ပေါ်လျက်ရှိသည့်အပြင် အသုံးပြုသူအချို့၏ စည်းကမ်းမဲ့စွာရပ်နားခြင်းများကြောင့် လမ်းနယ်နိမိတ်အား အပြည့်အဝ အသုံးပြုရာတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်အသီးသီးတွင် ဖြေရှင်းရာရှိမှုပေါ်မူတည်ပြီး ယာဉ်ရပ်နားရန်နေရာများ တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိသည့်အပြင် ၂၀၁၃ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ ယာဉ်ရပ်နားကန့်သတ်ဇုန် ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ ယာဉ်စောင့်လုပ်ငန်းအဖြစ် ကောက်ခံခြင်းနှင့် ကိုယ်ပိုင်ယာဉ်ရပ်နားနေရာများအဖြစ် ရယူထားခြင်းတို့ကို အားလုံးရုပ်သိမ်းပြီး အများပြည်သူ မည်သူမဆို အခမဲ့ယာဉ်ရပ်နားရန်နေရာများအဖြစ် အသုံးပြုရန် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ မော်တော်ယာဉ် အသုံးပြုသူများအနေဖြင့်လည်း ယာဉ်ရပ်နားရာတွင် မိမိတစ်ဦးတည်းအဆင်ပြေစေရန်အပြင် ကျန်အသုံးပြုလိုသူများ အားလုံး အဆင်ပြေချောမွေ့စွာ ရပ်နားနိုင်ရေးအတွက် စည်းကမ်းစနစ်တကျ အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ [illegible] ယာဉ်များအတွက် [illegible] ၂၀၁၃ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ အောက်ပါနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည်-

(က) ၁၄ ပေနှင့် အောက် ယာဉ်များ ၁၅၀၀/- နှုန်း

(ခ) တန် ၂၀ နှင့်အထက် ကုန်တင်ယာဉ်များ ၅၀၀၀/- နှုန်း

၂။ အထက်ပါအတိုင်း ကောက်ခံခြင်းသည် နံနက် (၀၆း၀၀)နာရီမှ [illegible] (၂၄၀၀)နာရီ [illegible] ယာဉ်တစ်စီးလျှင် (၁)ကြိမ်သာ ကောက်ခံမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

** မိုးဇင် (ဆေးဆိုး) (တဟန်းထုံ့ချွဲ) ** မှ ရောင်းမည်

၁။ လှိုင်၊သုရိန်ရိပ်မွန်အိမ်ရာ (60x80)၂ပြင်ပြီး	2RC	5000L
၂။ ဗဟန်း၊သာသနာ့ရိပ်သာလမ်း (40x60)၊ချက်ချက်တော်	မြေ	4500L
၃။ ရန်ကင်း၊ကံဘဲ့လမ်းမအနီး (30x72)၂ပြင်ပြီး	2RC	3250L
၄။ ဒေါပုံ၊မင်းနန္ဒာလမ်းမပေါ် (25x50)	2PT	2500L
၅။ သာကေတ၊မြနန္ဒာညီညွတ်အိမ်ရာ (60x78)၊ ထောင့်ကွက်	မြေ	2400L
၆။ တာ/ဥ၊သံသုမာလမ်းမပေါ် (20x60)	2BN	2350L
၇။ ရန်ကင်း၊ပါရမီရိပ်သာ (40x60)၊ချက်ချက်တော်	မြေ	2100L
၈။ တာမွေ၊ ILBC အနီး (34x62)၊ ထောင့်ကွက်	2RC	2050L
၉။ တာ/ဒဂုံ၊ SONY အိမ်ရာ (85x90)	မြေ	2000L
၁၀။ (၇)မိုင်၊ပြည်လမ်းသွယ် (3700Sqft)	မြေ	1700L
၁၁။ သုဝဏ္ဏ၊ VIP-II (60x85)	1BN	1700L
၁၂။ မ/ဒဂုံ၊ဦးဝိစာရလမ်းမပေါ် (42x62)၊ ထောင့်ကွက်	မြေ	1600L
၁၃။ သာယာ၊မြယာမုံအိမ်ရာ (45x60)	2RC	1570L
၁၄။ ရန်ကင်း၊မဥ္ဇူလမ်းသွယ် (40x50)	မြေ	1500L
၁၅။ တာ/ဒဂုံ၊မောင်းမကန်လမ်းမပေါ် (40x60)၊ပါမစ်	မြေ	1500L
၁၆။ ရွှေပြည်သာ၊ရွှေပြည်သာအိမ်ရာ (55x72)၊ ထောင့်ကွက်	2RC	1350L
၁၇။ တာ/ဥ၊ မြဟ္ဘနီရိုလမ်းမပေါ် (20x60)	မြေ	1200L
၁၈။ မ/ဒဂုံ၊ ၃၅-ရပ်ကွက် (40x60)	2PT	620L

မိုးဇင်(ဆေးဆိုး) - 552742, 09 5060940, 09 73033183
တဟန်းထုံ့ချွဲ - 559320, 09 8634090, 09 73033182

ဇော်ဝင်းထွန်း + ဇော်ဝင်းထိဒ်ထား

APH - 5, 12, 17.

Ph:095081576, 09423722000.

ဒီဇယ် ဆလွန်း မော်ဒယ်မြင့်မြင့် GRADE ကောင်းကောင်းစီးလိုသူများ

2007 Mdl, DIESEL 2200 cc ဆလွန်းကား
အနက် ၊TOYOTA, T 180, D-CAT, UK ထုတ်
CRUISE CONTROL , လေအိတ် 10.လုံး
အတွင်း GRADE ရှယ်၊တစ်ဂါလန် မိုင် 40
၂၅၇ သိန်း ODOMETER 62,000
JAPAN LIGHT TRUCK ဈေးနှုန်းသက်သာမည်။
ဓါတ်ဆီ 1000 KG-2005-97 သိန်း။ 850 KG-2003-93 သိန်း။
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
09 731 44588, 09 400 551 558.

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း အထူးစီမံကိန်းကြီးအဖွဲ့(၅) ရန်ကုန်တိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်တံတား၊ အမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် မြစ်ကျောက်စရစ်(မိကျောင်းရဲ) များကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

(က) မြစ်ကျောက်စရစ်(မိကျောင်းရဲ)	၅၀၀၀ ကျင်း
တင်ဒါတင်သွင်းရမည့်နေ့ရက်	၈. ၄. ၂၀၁၃ ရက်မှ ၂၅-၄-၂၀၁၃ ရက်ထိ
တင်ဒါတင်သွင်းရမည့်အချိန်	နံနက် ၉း၃၀ နာရီမှ မွန်းလွဲ ၄း၃၀ နာရီထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေ့ရက်	၂၆-၄-၂၀၁၃ ရက်
တင်ဒါစိစစ်ရွေးချယ်ရမည့်အချိန်	၁၃း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ	ဘုရင့်နောင်တံတားအမှတ်(၂)၊ တည်ဆောက်ရေးစီမံကိန်းရုံး၊ မရမ်းကုန်းမြို့နယ်။

တင်ဒါလျှောက်လွှာပုံစံများကို နေ့စဉ်လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း-၁၊ မြေကွက်အမှတ်(၁၇၀)၊ မြေကွက်တည်နေရာအမှတ်(၁၇၀)၊ ချယ်ရီလမ်း၊ (၁၄/စီမံကိန်း-၁)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးဘဟိန်း)အမည်ပေါက် နှစ် ၆၀(ဂရန်)မြေအား အမည်ပေါက် ဦးဘဟိန်း ကွယ်လွန်သဖြင့် ဒေါ်သိန်းမြင့်[၁၂/ဥကတ(နိုင်)၀၉၉၉၅၇]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်(၁၂၃၉/က)၊ မြေကွက်တည်နေရာအမှတ်(၁၂၃၉/က)၊ (၃၄)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်ခင်စော) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စောနှင့်ခင်ပွန်း ဦးမှုံတို့ကွယ်လွန်သဖြင့် ဒေါ်အမာ[၁၂/ဥကတ(နိုင်)၀၆၄ ၁၄၃]၊ ဒေါ်ဝင်းဝင်းမာ[၁၂/ဥကတ(နိုင်)၀၆၇၃၄၁]တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိသာရန်

